# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ခုနှစ် နိုဝင်ဘာလ ၃၀ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၁၇)၊ ၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် ၁၄ ရက် ၊ ၁၃-၇-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလတည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေး

## အသိအမြင်၊ အတွေးအခေါ်ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇူလိုင် ၁၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် မင်းဘူးမြို့မှ မြို့မိမြို့ဖများနှင့် တာဝန်ရှိသူများအား မင်းဘူးမြို့ သာသနာ့ဗိမာန်တော်၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မင်းဘူးမြို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ အမှာစကားပြောကြားရာတွင် မင်းဘူးမြို့သည် ယခင်က မြစ်ကူးတံတားမရှိသဖြင့် သွားလာရေးခက်ခဲခဲ့ပြီး ဧရာဝတီမြစ်ကူးတံတားကြီး စာမျက်နှာ ၃ သို့ ❁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့ရှိ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားစဉ်။

**ယနေ့ ဖတ်စရာ အညွှန်း**



ဂျယ်ရမီမွန်ဂါကို မန်စီးတီးအသင်းက ခေါ်ယူ

စာမျက်နှာ ၉

ရှိပြီးကောင်းနိုင်ကြပါစေ (ဆောင်းပါး)

စာမျက်နှာ ၁၄

## နေရောင်ခြည်စွမ်းအင်အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်ယူအသုံးပြုခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးနိုင်ကြပါရန် ဖိတ်ခေါ်ခြင်း

နေပြည်တော် ဇူလိုင် ၁၂

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတွင် ဆိုလာဓာတ်အားစနစ် သိသာစွာတိုးမြှင့်ပါဝင်လာစေရန်ရည်ရွယ်သည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ကြီးမှူး၍ ၂၀၂၆ ခုနှစ် ဇူလိုင်လ ပထမပတ်အတွင်း ကျယ်ပြန့်စွာကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဆိုလာနည်းပညာ၊ ဘက်ထရီနည်းပညာ၊ ဆိုလာဓာတ်အားပေးစနစ်တို့နှင့် ပတ်သက်သည့် ပညာရှင်များ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးအကြံပြုကြပါရန် ၁-၆-၂၀၂၆ ရက်နေ့မှစတင်၍ နိုင်ငံပိုင်သတင်းစာနှင့် ရုပ်သံအစီအစဉ်များမှတစ်ဆင့် အသိပေးဖိတ်ခေါ်လျက်ရှိပါသည်။ စာမျက်နှာ ၆ သို့ ❂

## အနီးစခန်းလေဆိပ် ဖွင့်လှစ်ခဲ့သည့်အတွက် ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွား ပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထား

ရန်ကုန် ဇူလိုင် ၁၂

အနီးစခန်းလေဆိပ် ဖွင့်လှစ်ခဲ့သည့်အတွက် လာမည့်ပွင့်လင်းရာသီတွင် ပြင်ဦးလွင်သို့ ခရီးသွားပိုမိုဝင်ရောက်လာမည်ဟု ခန့်မှန်းထားကြောင်း ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံ တာဝန်ခံ၏ ပြောကြားချက်အရ သိရသည်။

"အနီးစခန်းလေဆိပ်ကို ဖွင့်လှစ်ပြီးသွားပြီ ဖြစ်တဲ့အတွက် ပြင်ဦးလွင်ဒေသရဲ့ စီးပွားရေးတိုးတက်ပြောင်းလဲမှုကို တွေ့မြင်ရမှာပါ။ ပြင်ဦးလွင်မှာ သီတင်းကျွတ်၊ တန်ဆောင်တိုင်၊ သင်္ကြန်အပါအဝင် ပွင့်လင်းရာသီမှာ ခရီးသွားတွေ များတယ်။ ရုံးပိတ်ရက်တွေရှိရင် ခရီးသွားမပြတ်ပါဘူး။ ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်နေကြပါပြီ။ ကော်ဖီဆိုင်နဲ့ ဒေသအစားအစာတွေက နိုင်ငံခြားခရီးသွားတွေအတွက် ဆွဲဆောင်မှုတစ်ခုပါပဲ။ လေကြောင်းခရီးစဉ်နဲ့ပါ စာမျက်နှာ ၄ သို့ ❖

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၂**

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် ယနေ့ နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။



မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၁၁-၇-၂၀၂၆ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၇-၂၀၂၆ ရက်နေ့မှ ၁၆-၇-၂၀၂၆ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

၀-၀-၀-၀-၀

၂၀၁၆ ခုနှစ် ၊ ဇူလိုင် ၁၃ ရက် ၊ တနင်္လာနေ့။

# ပြင်ဦးလွင်မြို့၏ အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက်၊ မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များအား အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်ခန်းမ၌ တွေ့ဆုံရာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်းအစဉ်အလာအရ ထင်ရှားသည့် တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း၊ မြို့၏ ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူတို့၏ နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ထူးခြားသည့် ရေခံမြေခံနှင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့် အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင် နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ လူဦးရေ၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ကြပြီး ကျန်သည့်သူများသည် အခြားသောဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာကြသူများဖြစ်ကြကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့နေထိုင်သည့်မြို့ကို ဒေသတွင်နေထိုင်ကြသူများအားလုံးက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။ ပြင်ဦးလွင်မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့် လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူ များပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည်အသက်သွင်းနိုင်ရေး မိမိအနေဖြင့် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကို ဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မီပင်၊ စိန်ပန်းပြာပင်များကိုလည်း တစ်အုပ်တစ်မ ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသ၏ ထူးခြားသည့် ဝိသေသများဖြစ်သည့် ချယ်ရီမြို့တော်၊ ပန်းမြို့တော်ဆိုသည့်အမည်နာမကို ပြန်လည်အသက်သွင်း အကောင်အထည်ဖော်ပေးရမည်ဖြစ်ကြောင်းပြောကြားသည်။

ပြင်ဦးလွင်မြို့ကို စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသည့် ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်သမ္မတကဆက်လက်ပြောကြားရာတွင် ပြင်ဦးလွင်ဒေသမှထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ထို့အပြင် ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သော ဒေသ၏ကောင်းမြတ်သည့်ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြားလာလျက်ရှိကြောင်း ပြောကြားသည်။

ပြင်ဦးလွင်မြို့၏အစဉ်အလာကောင်းများအား စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးနှင့် အိမ်သာ၍ ဧည့်လာခြင်းဖြစ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ နေထိုင်သွားလာစားသောက်ရေးတို့အတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေးတို့အတွက် ဒေသခံတစ်ဦးချင်းစီက ပိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

**မိတ္ထီလာ ဇူလိုင် ၁၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မိတ္ထီလာမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယမန်နေ့က ဆည်ကုန်းအုပ်စု၊ ဆင်မိကျေးရွာနှင့် မြာကျေးရွာအုပ်စု၊ ထန်းတောလေးကျေးရွာတို့တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ လိုက်နာရန် စီမံကိန်းလက်စွဲပါ ကော်မတီရွေးချယ်ရာတွင် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များနှင့် အကျုံးဝင်သောစီမံကိန်းလုပ်ငန်းများ အကြောင်းကို ရှင်းလင်းပြောကြား သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင် ခုနစ်ဦးစီကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

(၄၆၉)

## ပြည်သူ့စကားဝိုင်း (Public Talk)အခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒီမိုကရေစီစနစ်၏ အင်္ဂါရပ်များနှင့်အညီ အများပြည်သူနှင့် အစိုးရတာဝန်ရှိသူများအကြား ဆွေးနွေးတိုင်ပင်ရမည့် အကြောင်းကိစ္စများကို ဆွေးနွေးပြောကြားနိုင်သည့် အခွင့်အလမ်းများအား ဖော်ဆောင်ပေးရန်၊ မိမိရပ်ရွာဒေသတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်နှင့် ပြည်သူလူထု၏ စဉ်းစားတွေးခေါ်မှုများ မြင့်မားလာစေပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်ကာ ပြည်သူ့စကားဝိုင်း(Public Talk)အခမ်းအနားကို မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်ရှိ အောင်စံရန်အေးဓမ္မာရုံအတွင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးယဉ်မောင်ဟိန်း(ခ)ဦးယဉ်မောင်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ပြည်သူ့စကားဝိုင်း(Public Talk) ကျင်းပရခြင်း၏ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြည်သူ့စကားဝိုင်း (Public Talk)ကျင်းပ ဆောင်ရွက်ခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းနိုင်၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်ဇော်အောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်စိုးစိုး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဝင်း၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမင်းသိန်းတို့က ``ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး'' ခေါင်းစဉ်ဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော ပြည်သူများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြောင်း သိရသည်။

(ယာပုံ)

**အောင်ဇော်မင်း**

## မိုးစပါးစိုက်ပျိုးမည့် တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်

**ကျောက်ဆည် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသားတောင်သူများ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး စပါးမျိုးများနှင့်သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက မြေစိုမိုးကောင်းကျေးရွာမှ မိုးစပါးစိုက်တောင်သူများအား သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အခမ်းအနားတွင်မြို့နယ်သမဝါယမဦးစီးဌာမှ ဦးစီးအရာရှိ ဦးဇော်ထွန်းအောင်က ထောက်ပံ့ပစ္စည်းများ ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြေစိုမိုးကောင်းကျေးရွာ အခြေခံသမဝါယမအသင်းမှ မိုးစပါးစိုက်တောင်သူ ၃၀ ဦးအား မိုးစပါး ၁၃၀ ဧကစိုက်ပျိုးရန်အတွက် ငွေကျပ်သိန်း ၂၆၀ နှင့်ညီမျှသော စပါးမျိုးများနှင့်သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့သည်။

ကျောက်ဆည်မြို့နယ်၌ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် အခြေခံသမဝါယမအသင်း ၁၆ သင်း ရှိပြီး ဒေသတွင်း ဆန်စပါးဖူလုံပိုလျှံရေး သမဝါယမအသင်းသားများမှ စပါး ဧက ၂၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

၀-၀-၀-၀-၀



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၉၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၂၀၃၅၈၃၈
၃၅လမ်းနှင့် ၇၁လမ်းထောင့်

❁ ရှေ့ဖုံးမှ

ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် မကွေးမြို့နှင့် တစ်ဆက်တည်းဖြစ်ခဲ့ကာ ဖွံ့ဖြိုးတိုးတက်သည့် မြို့တစ်မြို့ဖြစ်လာခဲ့ကြောင်း၊ မင်းဘူးမြို့သည် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းတွင် နောင်တော်မြို့ တစ်မြို့ကဲ့သို့ဖြစ်နေပြီး နီးစပ်ရာမြို့များအနေဖြင့် မင်းဘူးမြို့ကို အားကိုးနေရကြောင်း၊ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်သည့်အတွက် ခရိုင်အတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေးတွင် စံပြဖြစ်အောင် ဆောင်ရွက်သွားကြရန် လိုကြောင်း၊ မင်းဘူးမြို့သည် ပညာရေးအားကောင်းသည့် မြို့တစ်မြို့ဖြစ်ပြီး ယခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်လည်း နိုင်ငံတော်အဆင့် အောင်မြင်မှုရရှိသူများ အများအပြားထွက်ပေါ်ခဲ့ကြောင်း၊ ပညာရေးတွင် "အစကောင်းမှ အနှောင်းသေချာမည်" ဖြစ်သဖြင့် သင်ကြားရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ အနေဖြင့် အခြေခံမှစ၍ ကောင်းမွန်အောင် ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း။

မိမိတို့အစိုးရအနေဖြင့် KG+9 အထိ မသင်မနေရ ပညာရေးစနစ်အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ပညာရေးကိုအားပေးမြှင့်တင်ရေး ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရေး အားနည်းမှုများကြောင့် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝများ နိမ့်ကျစေနိုင်သကဲ့သို့ နိုင်ငံတော်အတွက်လည်း များစွာနစ်နာစေနိုင်ကြောင်း၊ အတန်းပညာရှိမှသာလျှင် အတတ်ပညာများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းအားဖြင့် ဗဟုသုတနှင့်ရသများကို ရရှိစေနိုင်မည်ဖြစ်ပြီး အသိအမြင်နှင့်စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဝေဖန်ပိုင်းခြား ဆုံးဖြတ်နိုင်စွမ်းများလည်း မြင့်မားလာစေမည် ဖြစ်ကြောင်း၊ အတန်းပညာအားဖြင့် အားနည်းရုံသာမက စာဖတ်ခြင်းသည်လည်း အားနည်းမည်ဆိုပါက ဘဝရှင်သန်ရပ်တည်မှုတွင် ခက်ခဲစွာ ရုန်းကန်နေရမည် ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ အစိုးရအနေဖြင့် ကျောင်းပညာရေးအား အဓိကပံ့ပိုး အားပေးဆောင်ရွက်လျက်ရှိသည့် အပြင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကိုလည်း အားဖြည့် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်စဉ်များကြောင့် နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုတွင် လူငယ်လူရွယ် အများအပြား လက်နက်ကိုင် အကြမ်းဖက်သည့် လမ်းစဉ်သို့ ရောက်ရှိ ခဲ့ကြသည်ကို စိတ်မကောင်းဖွယ်ရာ တွေ့မြင်ရကြောင်း၊ ထိုသို့ဖြစ်ပေါ်လာရခြင်းမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့်အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၏ဆွဲဆောင်စည်းရုံးခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်းတို့ကို အကောင်းအဆိုး၊ အကြောင်းအကျိုး စဉ်းစားဆင်ခြင်နိုင်စွမ်းနှင့် ဆုံးဖြတ်နိုင်စွမ်း အားနည်းမှုများကြောင့်ပင်ဖြစ်ကြောင်း၊ အဓိကမှာ အတန်းပညာပိုင်းဆိုင်ရာ အားနည်းမှုနှင့် စာပေအသိအမြင်ပိုင်းဆိုင်ရာ အားနည်းမှုတို့ကြောင့်ပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် သမိုင်းကြောင်းဆိုင်ရာများကို သင်ခန်းစာယူ၍ ပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ပြီး ပညာရေးမြှင့်တင်မှုကို မဖြစ်မနေ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်မြို့ပြတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင်ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဂါဝိုက်ပျိုးဖြစ်ထွန်းကြောင်း၊ "ဂါဝိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်တွင် စတင်ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့တွင် မိမိအနေဖြင့် သွားရောက် အမှာစကားပြောကြားခဲ့ကြောင်း၊ မကွေးတိုင်းဒေသကြီးတွင် ဝါကိုများစွာ စိုက်ပျိုးကြကြောင်း၊ ဝါစိုက်ပျိုးမှုကို ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်ပြီး ဝါဂွမ်း၊ ချည်နှင့် ချည်ထည်များအဖြစ် စက်မှုလုပ်ငန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ အလားတူ ဝါစေ့မှ ဝါစေ့ဆီကိုထုတ်လုပ်ပြီး တိရစ္ဆာန် အစာများအဖြစ် အသုံးပြုနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းနေထိုင်သူများက ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အလားတူ ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည့် မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားကြရန်နှင့် သက်ဆိုင်ရာ စိုက်ပျိုးမွေးမြူရေး ပညာရပ်များအလိုက် အမြဲမပြတ်လေ့လာနေကြရန်လိုကြောင်း၊ ဒေသတွင်းရှိ လူအများစု ပညာတတ်များဖြစ်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည် ဖြစ်ကြောင်း။

မြို့ပြ တည်ဆောက်ရေးနှင့် ပတ်သက်၍ လူနေမှုစနစ်များ မြှင့်တင်နိုင်ရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဒေသတွင်းနေထိုင်သူများကလည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်းပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး ဘက်စုံထူးချွန်သည့် ကလေးငယ်များဖြစ်စေရေး၊ ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍများ မြှင့်တင်ရေးအတွက်လည်း ရပ်မိရပ်ဖများအနေဖြင့် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်သွားကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မင်းဘူးမြို့မှ ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းရာ မြို့မိမြို့ဖတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တက်ရောက်လာကြသည့် မင်းဘူးမြို့ မြို့မိမြို့ဖများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ တင်ပြကြရာတွင် နိုင်ငံတော်သမ္မတကြီးအနေဖြင့်မင်းဘူးမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးခဲ့သည်များကို ဒေသခံများအနေဖြင့် ကျေးဇူးတင်လျက်ရှိမှု၊ မင်းဘူးမြို့ ကမ်းနားလမ်းတစ်လျှောက် မြေနိမ့်ပိုင်းများ၌ ဧရာဝတီမြစ်ရေတက်ချိန်တွင် မြစ်ရေဝင်ရောက်မှု မရှိစေရေးအတွက် ရေထိန်းတာပေါင်နံရံ ဆောင်ရွက်ပေးစေလိုမှုနှင့် ကမ်းနားလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ရွာသာယာကျေးရွာရှိ တိုက်နယ်ဆေးရုံ (၁၆) ခုတင်ဆံ့အားအဆောက်အအုံသစ် ခွင့်ပြုပေးစေလိုမှု၊ စကုမြို့အခြေခံပညာ အထက်တန်းကျောင်းရှိ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး သင်တန်းကျောင်းသို့ ရပ်ဝေးမှ လာရောက် တက်ရောက်ကြသည့် သင်တန်းသား သင်တန်းသူများအတွက် အဆောင်ခွင့်ပြုပေးစေလိုမှု၊ မင်းဘူး(စကု)မြို့နယ် ဒေသအတွက် လိုအပ်လျက်ရှိသည့် နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လိုမှု၊ ကျောက်တန်းကျေးရွာရှိ စည်ပင်သာယာရေးအဖွဲ့၊ ရေပေးဝေခြင်းလုပ်ငန်းအား လျှပ်စစ်ဓာတ်အား အသုံးပြုခြင်းအစား ဆိုလာစနစ်ဖြင့်ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးစေလိုမှု၊ မင်းဘူးမြို့ အမှတ်(၁) ရပ်ကွက်ရှိ သနပ်ခါးတော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးစေလိုမှုနှင့် အခြားဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ပြန်လည်လမ်းညွှန် မှာကြားခဲ့ပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရာသီဥတုပူပြင်းလာမှုကို မိမိတို့အနေဖြင့် ရှောင်လွှဲ၍ရနိုင်မည်မဟုတ်သော်လည်း သစ်ပင်သစ်တောများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးခြင်းအားဖြင့် မြို့ရွာများတွင်နေထိုင်ကြသူများ ရာသီဥတုဒဏ်ခံနိုင်ခြင်းနှင့် အေးမြသည့်အရိပ်အာဝါသကို ခံစားနိုင်မည်ဖြစ်ကြောင်း၊ ယခင်က သစ်ပင်များ စိုက်ပျိုးခဲ့ကြသဖြင့် မိမိတို့အနေဖြင့် အရိပ်အာဝါသကို ခံစားနေကြရခြင်းဖြစ်ကြောင်း၊ စာမျက်နှာ ၄ သို့ ❁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မင်းဘူးမြို့မှ ဒေသခံပြည်သူများအတွက် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးတက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

❖ ယခုအခါ မိမိတို့အစိုးရအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို အခြေခံ၍ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိ

❖ ပြည်သူများအနေဖြင့် အတန်းပညာနှင့် အတတ်ပညာများရှိပြီး မိမိခြေထောက်အပေါ် မိမိရပ်တည်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်

❖ မင်းဘူးမြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး စသည့်မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူတစ်ဦးချင်းစီ ဝင်ငွေကောင်းမွန်ရန်လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းများ ကောင်းမွန်အောင် ဆောင်ရွက်နိုင်ရေးအတွက်လည်း စီမံပေးကြရမည်

❁ စာမျက်နှာ ၃ မှ

ယခုအခါ ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုများ ဖောက်ပြန်လျက်ရှိကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နောင်အနာဂတ်လူငယ်များအတွက် သစ်ပင်စိုက်ပျိုးခြင်းများကို မဖြစ်မနေဆောင်ရွက်သွားကြရန်လိုကြောင်း။

စီးပွားရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်မှသာလျှင် ပို့ကုန်များတိုးမြှင့်ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံ့စီးပွားသည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဒေသမှထွက်ရှိသည့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ထိထိရောက်ရောက်ဖြင့် အကျိုးရှိစွာဆောင်ရွက်သွားနိုင်ရန် လိုကြောင်း၊ ဒေသနှင့်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမှန်တကယ် အလုပ်လုပ်ကြရန် လိုကြောင်း။

မိမိတို့နိုင်ငံတွင် စားသုံးဆီများကို ပြည်ပမှ နှစ်စဉ်တင်သွင်းနေရဆဲဖြစ်ကြောင်း၊ ဆီထွက်သီးနှံကို ပန်းတိုင်ရည်မှန်းချက် ပြည့်မီစွာထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ မင်းဘူးဒေသတွင်လည်း နှမ်းစိုက်ပျိုးကြကြောင်း၊ နှမ်းတစ်ဧကလျှင် တစ်ဧက ပန်းတိုင်ရည်မှန်းချက်တင်း ၂၀ ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်နှုန်း ကောင်းမွန်မည်ဆိုပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်မြင့်မားလာပြီး လူနေမှုအဆင့်များ တိုးတက်မြင့်မားလာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏စီးပွားရေးအားကောင်းမွန်မှု ရှိစေရေး ကြိုးပမ်း အားထုတ်သွားကြရန်လိုကြောင်း၊ အမိကအားဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင် အမိကဆောင်ရွက်ကြစေလိုကြောင်း။

မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ အားကစားကဏ္ဍ စသည်ဖြင့် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ အတွေးအခေါ် မှားနေသူများကိုလည်း ပြင်ပေးကြရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သော်လည်း နိုင်ငံ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း စဉ်လာများနှင့် ကိုက်ညီသည့် စည်းကမ်းစနစ်တကျရှိသည့် ဒီမိုကရေစီဖြစ်ရန် လိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံကို ကောင်းအောင်တည်ဆောက်နေခြင်းဖြစ်ကြောင်း၊ ထိုအပေါ်တွင် သဘောထားကွဲလွဲနေသူများကိုလည်း နားလည်အောင်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ထိုသို့ သဘောထား ကွဲလွဲမှုများသည် ပညာရေးအားနည်းချက်များ၏ အကျိုးဆက်များပင်ဖြစ်ကြောင်း၊ ယနေ့လူငယ် နောင်ဝယ်လူကြီးဟူသည့်အတိုင်း အသိအမြင်၊ အတွေးအခေါ်ကောင်းများနှင့် ပြည့်စုံသည့် အနာဂတ်လူငယ်များ ထွက်ပေါ်လာစေရေး ဆောင်ရွက်ပေးသွားကြရန် လိုကြောင်း ပြောကြားသည်။




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား နည်းပညာတက္ကသိုလ်(မကွေး) အစည်းအဝေးခန်းမတွင် တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**မင်းဘူးခရိုင် အားကစားကွင်း**

ထို့နောက် နိုင်ငံတော်သမ္မတသည် အဖွဲ့ဝင်များလိုက်ပါ၍ မင်းဘူးခရိုင် အားကစားကွင်း အဆင့်မြှင့်တင်တည်ဆောက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များကို မေးမြန်းပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**မကွေးတက္ကသိုလ်**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးတက္ကသိုလ်သို့ ရောက်ရှိကြရာ တက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြသည်။ ဆက်လက်၍ နိုင်ငံတော်သမ္မတသည် တက္ကသိုလ်ရှိ ဘက်စုံခန်းမ၊ သိပ္ပံသုတေသနစင်တာနှင့် စာကြည့်တိုက်တို့အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ပရိဝုဏ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

**နည်းပညာတက္ကသိုလ်(မကွေး)**

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မကွေးမြို့နယ် ကန်ပြားကျေးရွာအုပ်စုရှိ နည်းပညာတက္ကသိုလ် (မကွေး) သို့ရောက်ရှိကြရာ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများက ကြိုဆိုနှုတ်ဆက်ကြပြီး တက္ကသိုလ်အစည်းအဝေးခန်းမတွင် ဒုတိယပါမောက္ခချုပ်က တက္ကသိုလ် သမိုင်းအကျဉ်းနှင့် တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်မှု၊ အားကစားကွင်း၊ စာကြည့်တိုက်နှင့် အခြားအခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရေးအတွက် တက္ကသိုလ်ပိုင်မြေ လိုအပ်လျက်ရှိမှုနှင့် သင်ကြားရေးဆိုင်ရာ အခြားလိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ လမ်းညွှန်မှာကြား ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

PPIB News

❖ အနီးစခန်းမှ

လာရောက်နိုင်တဲ့အတွက် မြို့ရဲ့ ခရီးသွားကဏ္ဍ၊ စီးပွားရေးကဏ္ဍနဲ့ လူမှုရေးကဏ္ဍတွေ တိုးတက်ပြောင်းလဲလာမယ့်အပေါ် အားလုံးက ဝမ်းမြောက်ဝမ်းသာကြိုဆိုနေကြပါတယ်”ဟု ပြင်ဦးလွင်မြို့ ဒီဇင်ဘာပန်းခြံ တာဝန်ခံ ဒေါ်လှလှက ပြောသည်။

လာမည့် ပွင့်လင်းရာသီတွင် ခရီးသွားများ ပိုမိုလာရောက်နိုင်သည့်အတွက် နေရာအလိုက် ပိုမိုစည်ကားလှပရန် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“ကျွန်မတို့ ပန်းခြံမှာ ပန်းမျိုးစိတ်ပေါင်း ၃၀ ကျော် စိုက်ပျိုးထားပြီး ပွင့်လင်းခရီးသွားရာသီအတွက် အဘက်ဘက်က ပြင်ဆင်မှုတွေ ဆောင်ရွက်နေတယ်။ ပန်းခင်းတွေ၊ လှုငယ်တွေ ဓာတ်ပုံရိုက်လို့ရတဲ့ နေရာတွေတိုးချဲ့ပြီး လုပ်ဆောင်နေပါတယ်။ ခရီးသွားတွေက ရောင်စုံပန်းခင်းနဲ့ ရေတံခွန်ကို ပိုပြီးနှစ်ခြိုက်ကြတယ်၊ လာရောက်လည်ပတ်တဲ့သူ ၁၀ ဦးမှာ ကိုးဦးက အဲဒီနေရာကို လည်ပတ်တာများပါတယ်”ဟုပြင်ဦးလွင်ရေတံခွန်ပန်းခြံတာဝန်ခံဒေါ်ရွှေရည်ထွန်းက ပြောသည်။



ပြင်ဦးလွင် ဒီဇင်ဘာပန်းခြံနှင့် ရေတံခွန်ပန်းခြံအလှကိုတွေ့ရစဉ်။

ပြင်ဦးလွင်မြို့နှင့် အနီးတစ်ဝိုက်ရှိ ပြည်ချစ်ဘုရား၊ နီးဘုရား၊ ပိတ်ချင်းမြောင်၊ တရုတ်ဘုံကျောင်း၊ ကန်တော်ကြီး၊ ပွဲကောက်ရေတံခွန်၊ အနီးစခန်းရေတံခွန်၊ ဒီးဒုတ်ရေတံခွန်၊ ဒီဇင်ဘာခြံ၊ နှင်းဆီခြံ၊ ပြင်ဦးလွင်ပန်းဈေး၊ ဂျပန်ရွာ၊ တိုင်းရင်းသားကျေးရွာ၊ ပြင်ဦးလွင်ဈေး၊ သုမင်္ဂလာဈေးဝယ်စင်တာ၊ ပြင်ဦးလွင်ဘူတာနှင့် ပြင်ဦးလွင်ပန်းဥယျာဉ်များကို ခရီးသွားများ အများဆုံးလည်ပတ်လေ့ရှိပြီး ခရီးသွားများ အကြိုက်အပန်းဖြေလည်ပတ်စရာနေရာများစွာရှိသည့်အတွက် တောင်ပေါ်အပန်းဖြေမြို့ဟု ခရီးသွားများအကြား ထင်ရှားသည်။ထို့ပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများသည် နှစ်စဉ်ကျင်းပလေ့ရှိသည့် ပြင်ဦးလွင်ပန်းပွဲတော်ကို အထူးစိတ်ဝင်စားကြပြီး ပန်းပွဲတော်ကျင်းပချိန်တွင်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဝင်ရောက်မှုများကြောင်း သိရသည်။

ညိမ်းသူ - သတင်းစဉ်၊ ဓာတ်ပုံ - ကနူး၊

## ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုလျှော့ပါးရေး သဲနုန်းတူးဖော်ခြင်း၊ ချောင်းပေါင်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**ကျိုင်းတုံ ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် နမ့်ခင်ချောင်း၊ နမ့်ဟတ်ချောင်း၊ နမ့်လပ်ချောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြီးရေလျှံမှုလျှော့ပါးရေးအတွက် သဲနုန်းတူးဖော်ခြင်းနှင့် ချောင်းပေါင်ဆင့်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၁ရက်က မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ချောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် ချောင်းများအနီးရှိ ရပ်ကွက်၊ ကျေးရွာများနှင့် လယ်ယာမြေများ ရေကြီးရေလျှံမှုများ လျှော့ပါးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ကောင်းမွန်ရေးနှင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများပြီးစီးနိုင်ရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဟွမ်ခွဲ၊ ဒေါ်နန်းနော်နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ



ကန်တော်ကြီး
မန္တလာ
ဥယျာဉ်သာယာ
ပန်းအလှဝေဝေဆာ
အေးမြစွာအရိပ်၊
မန်းပျိုဖြူ
လှယဉ်ကျေးတို့
နားနေ ချွေးသိပ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့၌ ကျင်းပပြုလုပ်သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြား

# ဝါစိုက်ပျိုးထုတ်လုပ်မှုသည် နိုင်ငံတော်အတွက် အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဝါစိုက်တောင်သူများနှင့် တာဝန်ရှိသူများအနေဖြင့် တစ်ဧကပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်းထွက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလို



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မကွေးမြို့၌ ကျင်းပပြုလုပ်သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ်စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၁၂

ပြည်တွင်း ဝါစိုက်ပျိုးမှုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများ တိုးမြှင့်လာစေရန် ရည်ရွယ်၍ ကျင်းပပြုလုပ်သည့် "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝါစိုက်တောင်သူအစုအဖွဲ့၊ ဝါမျိုးစေ့ထုတ်လုပ်သူအစုအဖွဲ့၊ ဝါစေ့ဆီထုတ်လုပ်သူအစုအဖွဲ့၊ ဝါဂွမ်းထုတ်လုပ်သူ အစုအဖွဲ့၊ ချည်ထုတ်လုပ်သူအစုအဖွဲ့၊ ရက်ကန်းလုပ်ငန်းအစုအဖွဲ့၊ ဂျင်ခုံလုပ်ငန်းဆောင်ရွက်သူ အစုအဖွဲ့တို့မှ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကား ပြောကြားရာတွင် ဝါလုပ်ငန်းနှင့် ပတ်သက်၍ "ဝါစိုက်ပျိုးမှုမှသည် အထည်အလိပ် စက်မှုလုပ်ငန်းဆီသို့" ဟူသည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲပြုလုပ်၍ အတွေ့အကြုံများကို ဖလှယ်သွားကြမည်ဖြစ်ကြောင်း၊ ဝါနှင့်ပတ်သက်၍ ဝါစိုက်ပျိုးမှု၊ ဝါမှဝါဂွမ်း၊ ဝါဂွမ်းမှချည်မျှင်ကို ထုတ်လုပ်ကြခြင်း ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးမှုများ ဆောင်ရွက်ချိန်တွင် ဝါစိုက်တောင်သူများ မပါဝင်သဖြင့် ယခုကဲ့သို့ဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးသည် ဝါစိုက်ပျိုးမှုများပြားသည့်အတွက် မကွေးမြို့တွင် ကျင်းပပြုလုပ်ရန်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပင်ဖြစ်ပြီး ဆန်စပါးကို အဓိကသီးနှံအဖြစ် စိုက်ပျိုးကာ အခြားသီးနှံများကိုလည်း စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာပေါ်တွင် လိုအပ်ချက်ဖြစ်နေသည့် စားနပ်ရိက္ခာနှင့် အဝတ်အထည်များကို ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်နိုင်သော ရေခံမြေခံကောင်းသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ရေမြေအနေအထားအရ စိုက်ပျိုးမွေးမြူရေးကို ကိုယ်တိုင်ဆောင်ရွက်သည့် နိုင်ငံများရှိသကဲ့သို့ မဆောင်ရွက်နိုင်သည့်နိုင်ငံများလည်းရှိကြကြောင်း၊ စက်မှု နည်းပညာပိုင်းဆိုင်ရာများကို အဓိကဆောင်ရွက်ကြသည့် နိုင်ငံများလည်း ရှိကြကြောင်း၊ မိမိတို့နိုင်ငံတွင် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ စသည့် သီးနှံများနှင့် အခြားသီးနှံများကို စိုက်ပျိုးကြပြီး ယခင်က စိုက်ပျိုးရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းမပြုဘဲ ကုန်ကြမ်းအနေဖြင့်သာ တင်ပို့ဆောင်ရွက်ခဲ့ကြကြောင်း၊ ယခုအခါ မိမိတို့အနေဖြင့် စိုက်ပျိုးရေးကိုအခြေခံသည့် Agro-based Industries ကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကုန်ကြမ်းပစ္စည်းများကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်ခြင်းဖြင့် နိုင်ငံအတွက် ဝင်ငွေပိုမိုရရှိမည်ဖြစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့မှတစ်ဆင့် စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ပြီး စက်ရုံများ လည်ပတ်ရန်အတွက် လျှပ်စစ်နှင့်စွမ်းအင် ရင်းနှီးမြှုပ်နှံမှုများ၊ ဝန်ဆောင်မှုလုပ်ငန်းများကိုလည်း ဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် နိုင်ငံ၏ GDP သည်လည်း တိုးတက်လာမည်ဖြစ်ကာ နိုင်ငံ၏အသားတင် ထုတ်လုပ်မှုတန်ဖိုးမြင့်တက်လာမည် ဖြစ်ကြောင်း၊ နိုင်ငံတစ်ခု၏ တိုးတက်မှုစံနှုန်းကို GDP ဖြင့် တိုင်းတာကြပြီး လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှု ကဏ္ဍကြီးဟူ၍ ရှိကြောင်း၊ ကဏ္ဍကြီးသုံးခုအနေဖြင့် တစ်ခုနှင့်တစ်ခု အပြန်အလှန်ချိတ်ဆက်လျက်ရှိပြီး အားလုံးတိုးတက်မှသာလျှင် GDP သည်လည်း တိုးတက်လာနိုင်မည် ဖြစ်ကြောင်း။

ထိုအထဲတွင် ဝါစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းသည်လည်း အရေးကြီးသည့် ကဏ္ဍမှ ပါဝင်သည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် စိုက်ဧက ၈ သိန်းကျော်ခန့် ရှိခဲ့ပြီး ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ၄ သိန်းခန့်သာရှိခဲ့ကြောင်း၊ နှစ်အလိုက် ဝါစိုက်ပျိုးမှုများ၊ ဝါစိုက်ဧကများ လျော့နည်းကျဆင်းလာခဲ့သည်ကို တွေ့ရှိရကြောင်း၊ လူတို့၏ ဘဝတွင် အဝတ်အထည်သည် မွေးစမှ သေဆုံးသည်အထိ နေ့စဉ်အသုံးပြုနေရသည်ဖြစ်သဖြင့် ဝါသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဝါသည် နိုင်ငံတော်အတွက် အရေးကြီးသည့် စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ဝါမှ ဝါဂွမ်း၊ ဝါဂွမ်းမှ ချည်နှင့် ချည်ထည်များ၊ ဝါစေ့မှ ဆီနှင့် တိရစ္ဆာန်အစာအဖြစ် ပြုလုပ်နိုင်သည့် ဝါစေ့ကြိတ်ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထို့ကြောင့် ဝါမှတစ်ဆင့် စက်မှုလုပ်ငန်းများကို ဆက်စပ်ဆောင်ရွက်နိုင်သည် ဖြစ်သဖြင့် အမှန်တကယ် အကျိုးရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ယခင်က ချည်မျှင်ရှည်ဝါ ထွက်ရှိသည်ဟု ဆိုသော်လည်း အဆင့်မီရန် လိုအပ်နေဆဲဖြစ်သဖြင့် ပြည်ပနိုင်ငံများမှ အဆင့်မီ ဝါမျိုးများကို တင်သွင်းစိုက်ပျိုးခဲ့ကြရကြောင်း၊ ဝါအရည်အသွေးကောင်းမွန်မှ ချည်အရည်အသွေးကောင်းမွန်မည်ဖြစ်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် ဝါများရရှိရေးအတွက် စိုက်ပျိုးရေးတွင် အဓိကအချက်လေးချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း ၄ ရပ်နှင့် ပြည့်စုံရန်လိုကြောင်း၊ အရည်အသွေး ကောင်းမွန်သည့် မျိုးများရရှိအောင် ဆောင်ရွက်ရမည်၊ မြေကောင်းမွန်မှုရှိစေရေး စနစ်တကျပြုပြင်ရမည်၊ စိုက်ပျိုးရေနှင့် အောင်ရေများ လုံလောက်စွာရရှိရမည်၊ နည်းစနစ်တကျဖြင့် အမြဲသုတေသနပြု စိုက်ပျိုးရမည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုးရေးအတွက် လိုအပ်သည့်စိုက်ပျိုးရေနှင့်အောင်ရေများကို နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင် စီမံကိန်းများဖြင့် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများတွင် လုပ်သားများ ရှားပါးလာခြင်းကြောင့် မျိုးစေ့ချကိရိယာ Feed Seeder များဖြင့် ဆောင်ရွက် လျက်ရှိကြောင်း၊ စိုက်နည်းစနစ်များ ကောင်းမွန်လာမည်ဆိုပါက အထွက်နှုန်းများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးရာတွင် သတ်မှတ်ထားသည့် ပင်ကြား၊ တန်းကြား မှန်ကန်စွာစိုက်ပျိုးမှသာ အထွက်နှုန်းကောင်းမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် ဝါစိုက်ပျိုးမှုများအား အားပေးဆောင်ရွက်ခဲ့ပြီး ဝါစိုက်ပျိုးမှုတွင် တစ်နိုင်ငံလုံးပျမ်းမျှအထွက်နှုန်း အနေဖြင့် ၂၀၂၁ - ၂၀၂၂ ခုနှစ်တွင် စိုက်ဧက ၃ ဒသမ ၉ သိန်းကျော်၌ တစ်ဧကအထွက်နှုန်း ၄၃၆ ပိဿာရှိကြောင်း၊ ၂၀၂၅ - ၂၀၂၆ ခုနှစ်စိုက်ပျိုးရာသီတွင် ဝါစိုက်ပျိုးဧက ၅ ဒသမ ၄ သိန်းကျော်ရှိပြီး တစ်ဧကအထွက်နှုန်း ၄၉၉ ဒသမ ၂ ရှိကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဝါထွက်ရှိမှုမှာ ပိဿာချိန်ပေါင်း ၂၇၄၃ သိန်းကျော်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဝါလိုအပ်ချက်နှင့် နှိုင်းယှဉ် တွက်ချက်ကြည့်မည်ဆိုပါက များစွာပိုလျှံထွက်ရှိသည်ကို တွေ့ရကြောင်း။

လက်ရှိ ကမ္ဘာတွင်ပေါက်ဈေးအရ ဝါဂွမ်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၈၀၀ နှင့် ၁၉၀၀ ကြားတွင်ရှိပြီး မိမိတို့နိုင်ငံတွင် သတ်မှတ်ထားသည့် ဝါတစ်ဧက ပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းပိဿာ ၇၀၀ ရရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပိုလျှံထွက်ရှိသည့်ဝါဂွမ်းများ ရောင်းချရရှိငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ခန့် ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့်

စာမျက်နှာ ၆ သို့ ❖

☆ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွားမည်

☆ ဝါစိုက်ပျိုးထုတ်လုပ်မှုကို တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိစေနိုင်မည်

☆ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ်အကျိုးရှိသည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန်တိုက်တွန်းမှာကြားလို

❖ စာမျက်နှာ ၅ မှ

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးသည့်သူများ အနေဖြင့်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်စေမည့်လက်တွေ့ကျသည့်ဆွေးနွေးမှုများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်ကာလအတွင်း ဝါစိုက်ပျိုးထုတ်လုပ်မှုကို အောင်မြင်အောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း။

ဝါစိုက်ပျိုး ထုတ်လုပ်မှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ဝါစိုက်တောင်သူများ၊ ဝါထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ကြသူများနှင့် နိုင်ငံတော်အတွက် များစွာ အကျိုးရှိစေနိုင်မည်ဖြစ်ကြောင်း၊ ဝါစိုက်ပျိုးမှုကိုအခြေခံ၍ Agro-based Industries အဖြစ် ဆောင်ရွက်သွားရန်လိုပြီး ယခုကျင်းပပြုလုပ်သည့် ဆွေးနွေးပွဲကို မိမိတို့နိုင်ငံ၏ ဝါစိုက်ပျိုးထုတ်လုပ်မှု အနာဂတ်အခန်းကဏ္ဍတွင် အမှန်တကယ် အကျိုးရှိသည့် ဆွေးနွေးပွဲအဖြစ် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ ဆွေးနွေးပွဲတွင် ဝါနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်ဆွေးနွေးဆောင်ရွက်သွားကြရန် လိုပြီး ဝါစိုက်ပျိုးမှုနှင့် ဝါထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ ဝါစိုက်ပျိုးမှုသည် နိုင်ငံတော်အတွက် အကျိုးရှိသည့် လုပ်ငန်းဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းအတွက် တာဝန်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနနှင့် ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် စက်မှုနှင့် အသေးစား၊အငယ်စား၊အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနတို့အနေဖြင့် အလေးထားဆောင်ရွက်ရန်နှင့် ဝါစိုက်ပျိုးတောင်သူများနှင့် တာဝန်ရှိသူများကလည်း တစ်ကေပန်းတိုင်ရည်မှန်းချက် အထွက်နှုန်းအတိုင်း ထွက်ရှိစေရေးကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဝါစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်စေရေး မေးမြန်းဆွေးနွေးပြောကြားသည်။

ဒေသသုတေသနဗဟိုဌာန (မကွေး)

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ဒေသသုတေသနဗဟိုဌာန (မကွေး)သို့ ရောက်ရှိပြီး ဌာနမှ ထုတ်လုပ်ထားရှိသည့် စပါး၊ မြေပဲ၊ ပဲတီစိမ်း၊ ဝါ၊ နှမ်း၊ နေကြာ မျိုးစေ့များနှင့် နည်းပညာမြင့် Organic မြေဩဇာနှင့် သဘာဝပိုးသတ်ဆေးရည် စမ်းသပ်ထုတ်လုပ်မှု အခြေအနေများကိုလည်းကောင်း၊ Nano Technology For Seed Treatment အခန်းအတွင်း အရည်အသွေးပြည့်မီသည့် မျိုးစေ့များ ထုတ်လုပ်နိုင်ရေးအတွက် Cold Plasma စက်များ၊ UV စက်၊ သီးနှံအခြောက်ခံ စက်များဖြင့် သုတေသနပြု စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်မီသည့် သီးနှံမျိုးစေ့များ ထုတ် လုပ် နိုင် ရေးကိုသာမက နိုင်ငံတကာသို့ တင်ပို့နိုင်သည့် ဈေးကွက်ဝင် အရောင်အဆင်း၊ အနံ့အရသာနှင့် အရွယ်အစားများ ပြည့်မီသည့်သီးနှံများဖြစ်စေရေး တို့ကိုပါ သုတေသနပြုစိုက်ပျိုးထုတ်လုပ်သွားရန် လိုကြောင်း၊ မိမိတို့နိုင်ငံမှ ထွက်ရှိသော နိုင်ငံတကာ ဈေးကွက်ဝင်ပေါ်ဆန်းမွှေးစပါးနှင့် ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့် နှမ်းများကိုလည်း တစ်ဧကပန်းတိုင် အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုး ထုတ်လုပ်နိုင်ရေးနှင့် မျိုးကောင်းမျိုးသန့် မျိုးစေ့များကို ပြည်တွင်း၌သာ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ရေး စမ်းသပ်သုတေသနပြု ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဒေသသုတေသနဗဟိုဌာန (မကွေး)ရှိ သုတေသန စိုက်ကွက်များအတွင်း သီးနှံများ သုတေသနပြု စိုက်ပျိုးထားရှိမှုနှင့် သုတေသနခြံမှ စမ်းသပ် စိုက်ပျိုးထုတ်လုပ်ထားသည့် ပဲတီစိမ်း၊ နှမ်းနှင့် မြေပဲများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဒေသသုတေသနဗဟိုဌာန (မကွေး)တွင် ကြည့်ရှုစစ်ဆေးစဉ်။

PPIB News

## ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား မျိုးနှင့်သွင်းအားစုများ ပံ့ပိုး ပေးအပ်

**မြို့သစ် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်သမဝါယမဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်)စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေမှ ဝါသီးနှံစိုက်ပျိုးသည့်တောင်သူများအတွက် မျိုးနှင့်သွင်းအားစု ပံ့ပိုးပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ထန်းတစ်ပင်ကျေးရွာအုပ်စု၊ လယ်ပြင်စုကျေးရွာဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်သည်။

ဦးစွာ မြို့သစ်မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ဝါသီးနှံစိုက်ပျိုးသည့် တောင်သူများအား လူမှုစီးပွားမြှင့်တင်ရေး (သက်တံ့ရောင်)စီမံကိန်းဖြင့် မျိုးနှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ လယ်ပြင် စုကျေးရွာ၊ ခိုင်ရွှေဝါစိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမ အသင်းသားတောင်သူ (၂၇)ဦး၊ ဝါသီးနှံဧက (၁၀၀)အတွက် စုစုပေါင်းငွေကျပ်သိန်း ၂၃၆၀၀၀၀၀ တန်ဖိုးရှိ မျိုးစေ့နှင့်သွင်းအားစုများ ပံ့ပိုးပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းအိစွန်(ပြန်/ဆက်)**



❂ နေရောင်ခြည်စွမ်းအင်မှ

ယခုအခါ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၁၅-၇-၂၀၂၆ ရက်နေ့ နံနက်(၀၉:၀၀)နာရီမှ ညနေ(၁၆:၄၅)နာရီအထိ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ Horizon Lake View Resort တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ၁၀-၇-၂၀၂၆ ရက်နေ့အထိ တက်ရောက်လိုကြောင်း စာရင်းပေးသွင်းလာသူဦးရေ ၃၀၀ ကျော်ရှိပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ စာရင်းပေးသွင်းထားခြင်းမရှိသေးသည့် တက်ရောက်လိုသူများအနေဖြင့် အောက်ဖော်ပြပါ QR Code အား Scan ဖတ်၍ စာရင်းပေးသွင်းနိုင်ပါကြောင်း၊ QR Code ဖြင့် စာရင်းပေးသွင်းရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ပါကြောင်းနှင့် စာရင်းပေးသွင်းခြင်းအား ၁၄-၇-၂၀၂၆ ရက်နေ့ (၁၆:၃၀)နာရီ နောက်ဆုံးထားဆောင်ရွက်၍ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်နိုင်ပါရန် ထပ်မံအသိပေး ဖိတ်ခေါ်အပ်ပါသည်။(ယခင် Google Form ဖြင့် စာရင်းပေးသွင်းပြီးသူများ ထပ်မံပြုလုပ်ရန် မလိုအပ်ပါ။)

**ဆက်သွယ်ရန်-** ဦးမျိုးသန့်ထွန်း၊ ညွှန်ကြားရေးမှူး၊ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန (၀၉ ၄၃၀၁၆၆၉၀၊ ၀၆၇ ၃၄၁၀၄၇၁) dgdptsc2021@gmail.com

Solar Energy Workshop




ပညာရဲရင့်
ပွဲလယ်တင့်
✤
ပညာရွှေအိုး
လူမခိုး





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်တွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်သို့ တက်ရောက်၍ စိန်ပန်းပြာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေး

နေပြည်တော် ဇူလိုင် ၁၂

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ ထင်းကြူးဝိုင်း အကွက်အမှတ်(၂)၌ ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲတော်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်၍ စိန်ပန်းပြာပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

## တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သားများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို မိုးရာသီအစတွင် နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့သစ်ပင်စိုက်ပွဲများ ကျင်းပရသည်မှာ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ သစ်တောဖုံးလွှမ်းမှု တိုးတက်လာစေရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ်ကောင်းမွန်မျှတစေရေးနှင့်သဘာဝဘေးအန္တရာယ်များမှ တားဆီးကာကွယ်နိုင်ရေး စသည့် ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပဆောင်ရွက်နေခြင်းဖြစ်ပြီး ပြည်သူများအကြား သစ်တောသစ်ပင်များ၏တန်ဖိုးကို နားလည်မြတ်နိုးသည့် စိတ်ဓာတ်ဖြစ်ပေါ်လာပြီး သစ်တောပြုစု ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများက တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေး နိုင်ငံတော်ကဦးဆောင်ပြီး ယခုကဲ့သို့ ပြည်သူလူထု ပူးပေါင်းပါဝင်မှုဖြင့် ကျင်းပဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သစ်တော သစ်ပင်များသည် လူသားများအပါအဝင် သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရေးအတွက် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် နိုင်ငံနှင့်အဝှမ်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ မိုးရာသီ သစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အဆင့် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန်လ ၁၃ ရက်တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး အပင်ပေါင်း ၃၀၀၀ စိုက်ပျိုးခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ခရိုင်နှင့်မြို့နယ်အသီးသီး၌လည်း တစ်ချိန်တည်း တစ်ပြိုင်တည်း သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပခဲ့ရာ သစ်ပင်စိုက်ပွဲ ၁၁၁ နေရာ၊ အပင်ပေါင်း ၈၀၅၂၀ ကိုပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ဇွန်လ ၂၅ ရက်တွင်လည်း နိုင်ငံတော်အဆင့် ဒုတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို နေပြည်တော်၌ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး သစ်မျိုး ၁၄ မျိုး၊ အပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုးခဲ့ကြောင်း၊ ယခုနိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲကိုပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ဧရိယာအတွင်း မေမြို့ ထင်းကြူးဝိုင်း အကွက်အမှတ်(၂)အတွင်း ကျင်းပဆောင်ရွက်ခြင်း ဖြစ်ပြီး မဟော်ဂနီ၊ ချယ်ရီ၊ ဆီသပြေ၊ ပျဉ်းကတိုး၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ခရေ၊ ခါတော်မီသစ်မျိုး ၈ မျိုး၊ အပင်၃၀၀၀ ကိုစိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် စိန်ပန်းပြာပျိုးပင်အား ဦးဆောင်စိုက်ပျိုးပေးစဉ်။

ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကိုနောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေး စီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိကြောင်း၊ ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများထုနှင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

စိုက်ပျိုးပြီးအပင်များ ရှင်သန်အောင်မြင်စေရေးအတွက် သေပင်ဖာထေးခြင်း၊ ပေါင်းရှင်းခြင်း၊ မြေဩဇာကျွေးခြင်း၊ မီးကာကွယ်ခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆောင်ရွက်သွားကြရန်၊ လူနှင့် တိရစ္ဆာန်တို့ ဖျက်ဆီးခြင်းမခံရအောင် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ကြရန် တာဝန်ရှိဝန်ထမ်းများကိုမှာကြားလိုကြောင်း၊ သစ်ပင်များသည် သက်ရှိများဖြစ်သည့်အတွက် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများကို ရာသီအလိုက် ဆက်လက် လုပ်ဆောင်မှသာ စိုက်ပျိုးပြီးအပင်များ ရာနှုန်းပြည့် ရှင်သန်ကြီးထွား အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ယခုစိမ်းလန်းစိုပြည်ရေးစီမံကိန်းသည် ပြင်ဦးလွင်တွင် နေထိုင်ကြသည့် ပြည်သူများအတွက်ကောင်းမွန်သည့်အနာဂတ်ကို ရည်ရွယ်ပြီး စိုက်ပျိုးဆောင်ရွက်ခြင်းဖြစ်၍ တာဝန်ရှိသစ်တောဝန်ထမ်းများနှင့်အတူ ပြည်သူလူထုက ပူးပေါင်းပါဝင် ထိန်းသိမ်းဆောင်ရွက်ပေးကြရန် လည်း ထပ်လောင်းမှာကြားလိုကြောင်း။

ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းရန်အတွက် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အရိုးရှင်းဆုံး၊ အထိရောက်ဆုံး၊ ကုန်ကျစရိတ်အသက်သာဆုံးနှင့် လူတိုင်းလုပ်နိုင်သည့် အလုပ်ဖြစ်သကဲ့သို့ သဘာဝနှင့် လိုက်လျောညီထွေဖြစ်ပြီး အကျိုးအရှိဆုံး လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူတစ်ဦးချင်းစီက အသိစိတ်ဓာတ်အပြည့်ဖြင့် သစ်တောသစ်ပင်များကို စိုက်ပျိုးထိန်းသိမ်းစောင့်ရှောက်ရန်လိုသကဲ့သို့ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး အနေဖြင့်လည်း သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရန် လိုအပ်ကြောင်း၊သစ်တောနယ်မြေအတွင်းသာမက သစ်တောမြေပြင်ပနေရာများ၌ သက်ဆိုင်ရာဌာနများက လမ်းဘေးဝဲယာ သစ်ပင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများ တည်ထောင်ခြင်းနှင့် စိမ်းလန်းစိုပြည်ရေးနယ်မြေများ (Green zone) များ တိုးပွားလာစေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

စာမျက်နှာ ၈ သို့ ❍

❖ ဤဒေသ၏ အေးမြသည့်ရာသီဥတုအပါအဝင် သစ်ပင်သစ်တောများဖြင့် ပိုမိုစိမ်းလန်းစိုပြည်သော၊ ကျန်းမာသော၊ ပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သော၊ သန့်ရှင်းကောင်းမွန်သော စံနမူနာထားရသည့်မြို့ပြတစ်ခုအဖြစ် ပြင်ဦးလွင်မြို့ကို နောင်မျိုးဆက်သစ်များအား လက်ဆင့်ကမ်း အမွေပေးနိုင်ရန် ယခုနှစ်ကစပြီး ပြင်ဦးလွင်မြို့ စိမ်းလန်းစိုပြည်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

❖ ယင်းစီမံကိန်းကို ပြင်ဦးလွင်မြို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင် သစ်တောစိုက်ခင်းများထုနှင့် စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ယခုနှစ် စိမ်းလန်းစိုပြည်ရေး စိုက်ခင်းဧက ၂၀၀၀ ကို စိုက်ကွက် ၁၅ ကွက်၊ သစ်မျိုး ၁၉ မျိုး၊ ပျိုးပင်ပေါင်း ၄၀၀၀၀၀ ဖြင့် စတင်စိုက်ပျိုး ဆောင်ရွက်နေခြင်းဖြစ်

○ စာမျက်နှာ ၇ မှ

မန္တလေးတိုင်း ဒေသကြီး သစ်တောဦးစီးဌာနအနေဖြင့်လည်း နိုင်ငံပိုင်စိုက်ခင်း တည်ထောင်ခြင်း၊ သဘာဝတောတန်ဖိုးမြှင့် စိုက်ပျိုးခြင်း၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ ဘက်စုံသုံးစိုက်ခင်း စိုက်ပျိုးခြင်း စသည့် စိုက်ခင်း တည်ထောင်ခြင်း အမျိုးမျိုးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး လူထု ဖြန့်ပျိုးပင်ပေါင်း ၁၀ သိန်းကျော် ကို အာဆီယံလမ်း၊ အမြန်လမ်း နှင့် ခရိုင်ချင်းဆက်လမ်း၊ မြို့နယ်/ ကျေးရွာချင်းဆက်လမ်း၊ ရထား လမ်းဘေး ဝဲ/ယာ စိုက်ပျိုးခြင်း အတွက် သက်ဆိုင်ရာဌာနများကို ပျိုးပင်ဖြန့်ဝေခြင်း၊ ပြည်သူလူထု စိုက်ပျိုးနိုင်ရန် ဖြန့်ဝေခြင်းများကို ဆောင်ရွက်သွားမည်ဟု သိရ ကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့တွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်လာကြသူများက ပျိုးပင်များ စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

သစ်စေ့မှ စိုက်ပျိုးနိုင်သည့် အမြင့်(၂)ပေနှင့် အထက်အရွယ် ပျိုးပင်တစ်ပင်ဖြစ်လာသည်အထိ အချိန်၊ ငွေ၊ လုပ်အား များစွာ အရင်းအနှီး စိုက်ထုတ်ခဲ့ရသည် ဖြစ်သည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင်ရှင်သန် စေရေး ပြုစုထိန်းသိမ်းခြင်းလုပ်ငန်း များ ဆက်လက်ဆောင်ရွက်ရန် မှာကြားလိုကြောင်း၊ **“နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့”** ဟူသည့် မူဝါဒနှင့်အညီ ပတ်ဝန်းကျင်ဂေဟစနစ် တည်ငြိမ် ကောင်းမွန်စေရေး၊ နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်စေရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချနိုင်ရေး အတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်း များကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများအနေ ဖြင့်လည်း **“သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ ၏”** ဆိုသည်နှင့်အညီ မိမိတို့ နေထိုင်ရာ ဒေသပတ်ဝန်းကျင်ရှိ ကျေးရွာ၊ မြို့ပြများတွင် စိမ်းလန်း စိုပြည်သာယာလှပစေရေး ဝိုင်းဝန်း ကြိုးစားကြရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရေး အတွက် ပြုစုထိန်းသိမ်းရေး လုပ်ငန်းများ ကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်ပေးကြရန်၊ “သစ်တော သစ်ပင်များသည် ဖွံ့ဖြိုးတိုးတက်မှု အားလုံး၏ ဇဟိုချက်ဖြစ်သည်” ဆိုသည့် စကားနှင့်အညီ ဖွံ့ဖြိုးမှု လုပ်ငန်းတိုင်းတွင် သစ်တော ထိန်းသိမ်းရေး၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အမြော်အမြင် ကြီးစွာဖြင့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြား သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က စိန်ပန်းပြာ ပျိုးပင်အား သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် အခမ်းအနား သို့ တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ် တွင် လိုက်ပါလာသည့်အဖွဲ့ဝင် များ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် များ၊ ပြင်ဦးလွင်တပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တိုင်း ဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တက်ရောက် လာကြသူများက သစ်ပင်များ ကို တပျော်တပါးစိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ နှင့်အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ မိုးရာသီ နိုင်ငံတော်အဆင့် သစ်ပင် စိုက်ပျိုးပွဲ အခမ်းအနားသို့ တက်ရောက် လာကြသူများက ပျိုးပင်များအား တပျော်တပါး စိုက်ပျိုးနေမှုကို လှည့်လည် ကြည့်ရှုအားပေးကြသည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦး လွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မေမြို့ ထင်းကြူးဝိုင်း အကွက် အမှတ်(၂)၌ ယနေ့ကျင်းပပြုလုပ် သည့် ၂၀၂၆ ခုနှစ်မိုးရာသီနိုင်ငံတော် အဆင့် သစ်ပင်စိုက်ပျိုးပွဲအခမ်း အနားတွင် ပန်းပွင့်သောသစ်မျိုး များဖြစ်ကြသည့် ချယ်ရီ၊ ခရေ၊ စိန်ပန်းပြာ၊ စိန်ပန်းနီ၊ ရတနာ တန်းဝင်သစ်မျိုးများ ဖြစ်သည့် ပျဉ်းကတိုး၊ မဟော်ဂနီနှင့်အမြဲစိမ်း သစ်မျိုးများဖြစ်ကြသည့် ဆီသပြေ၊ ခါတော်မိ စသည့် သစ်မျိုး ရှစ်မျိုး၊ ပျိုးပင်ပေါင်း ၃၀၀၀ ကို စိုက်ပျိုး နိုင်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

PPIB News

## မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တံတားဦး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုး ပွဲကို ဇူလိုင် ၁၁ ရက် နံနက် ၇ နာရီခွဲက တံတားဦးမြို့နယ် တောင် ဘီလူ အခြေခံပညာအထက်တန်း ကျောင်း၌ မြို့နယ်သစ်တောဦးစီး ဌာနမှ ကျင်းပခဲ့သည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက် ပျိုးပွဲတွင် တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ် ဦးတိုက် ကြည်၊ ဒေါ်လှဲလှဲဝင်း၊ တံတားဦး ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်း ငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကို တို့က မိုးရာသီသစ်ပင်စိုက်ပျိုးရန် အတွက် ပျိုးပင်များကို တာဝန် ရှိသူများထံ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်အမျိုး သမီးရေးရာအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေးအသင်းဝင်များ၊ ကျောင်း အုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ များ၊ ကျောင်းသား၊ ကျောင်းသူ များ၊ မြို့နယ်သစ်တောဦးစီးဌာန တံတားဦး(စဉ့်ကိုင်တွဲ) ဦးစီး အရာရှိ ဦးကျော်ဇင်မြင့်ဦးနှင့် ဝန်ထမ်းများက သစ်မျိုးငါးမျိုး ဖြစ်သည့် ကံ့ကော်၊ မယ်ဇယ်၊ တမာ၊ ကုက္ကို၊ ယူကလစ် ပျိုးပင် စုစုပေါင်းအပင် ၂၅၀ကို စိုက်ပျိုး နိုင်ခဲ့ကြောင်း သိရသည်။ (၄၀၉)

## ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၁၂**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေး တိုင်းဒေသကြီး၊ ကျောက်ဆည် ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန က ရှမ်းကန်(တ)ကျေးရွာ၌ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစေရေးအတွက် ပြည်ထောင်စု ရန်ပုံငွေဖြင့် ကျေးလက်ရေ ရရှိ ရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

အဆိုပါ ကျေးရွာနေပြည်သူ များ ရာသီမရွေး သောက်သုံးရေ ဖူလုံစေရေးအတွက် ကျေးလက် ရေရရှိရေးလုပ်ငန်း မြေအောက် အနက်ပေ ၃၀၀ ရှိ လေးလက်မခွဲ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း အား ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁ ဒသမ ၁၁၅ သန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ တာဝန်ယူ၍ ယခု နှစ် မေ ၁၉ ရက်က လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

အဆိုပါ ကျေးရွာရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ရှမ်းကန်(တ)ကျေးရွာရှိ ဒေသခံ ပြည်သူများနှင့် ကျေးရွာရှိ တစ်ပိုင် တစ်နိုင် မွေးမြူထားသော ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီ မရွေး သောက်သုံးရေဖူလုံစွာ ရယူ သုံးစွဲနိုင်မည်ဖြစ်ကြောင်း ကျောက် ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ခရိုင် ဦးစီးမှူးထံမှ သိရသည်။ (၄၄၅)

## ပန်းအလှထိုးနည်း သင်တန်းဖွင့်လှစ်

**ဟိုပုံး ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်ရုံးရှိ လူထုအခြေပြုဗဟို ဌာန (Community Centre) ခန်းမတွင် ပန်းအလှထိုးနည်း သင်တန်းကို ဇူလိုင် ၉ရက် မွန်းလွဲ ၃ နာရီက ဖွင့်လှစ်သင်ကြားခဲ့ သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအဆင့်ရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးမြမွန်က ဘုရားပန်းကပ်လှူပူဇော်ရာတွင် ဖြစ်စေ၊ မိမိတို့၏အိမ်တွင် ပန်း အလှဆင်သည့်အခါတွင် ဖြစ်စေ၊ ဌာနတွင်း အခမ်းအနားများ ပြင် ဆင်သည့်အခါတွင် ပါရှိသည့် ပန်းအလှထိုးနည်းကို တတ် မြောက်သိရှိစေရန် ရည်ရွယ်၍ ပန်းအလှထိုးနည်းသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်သည်။

ထို့နောက် ပန်းအိုးဖြင့် ပန်း အလှထိုးနည်း၊ စားပွဲတင်ပန်းအလှ ထိုးနည်း စသည်တို့ကို သင်ကြား ပြသပေးခဲ့ကြောင်းနှင့် ပန်းအလှ ထိုးနည်းသင်တန်းကို ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့ပေါ်ရပ်ကွက် ရှိ ပြည်သူများ တက်ရောက်ခဲ့ ကြကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၅)

၀-၀-၀-၀-၀

❖ စာမျက်နှာ ၂၄ မှ

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအား ပေး ဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာ ဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်း ကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

သို့ဖြစ်ပါ၍ လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသောနည်းလမ်းများကို အသုံးပြု၍ တရားမဝင်ဓာတ်အား ရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ ဆက်သွယ်အသိပေး ကြပါရန်နှင့် ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အား သုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်း ထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေ ခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြား အပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) ၀၆၇ - ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) - ၁၆၁၆ ၀၂-၄၀၃၉၃၃၀၊ ၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

# နိုင်ငံတကာ အားကစား သတင်းများ

## ဂျယ်ရမီမွန်ဂါကို မန်စီးတီးအသင်းက ခေါ်ယူ

**လန်ဒန် ဇူလိုင် ၁၂**

မန်စီးတီးအသင်းသည် လက်စတာစီးတီးအသင်း တောင်ပံကစားသမား ဂျယ်ရမီမွန်ဂါကို ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်စီးတီးအသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်



ချုပ်ဆိုခဲ့သည်။

တောင်ပံကစားသမား ဂျယ်ရမီမွန်ဂါသည် လက်စတာစီးတီးအသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ပွဲ ၃၀ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသလို အနာဂတ်တွင် ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် မန်စီးတီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကြိုတင် ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားလေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။

(ဝဲပုံ) (NGB)



## ၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်အဆင့်သို့ အင်္ဂလန်အသင်း တက်ရောက်

**လန်ဒန် ဇူလိုင် ၁၂**

၂၀၂၆ ကမ္ဘာ့ဖလား ဆီးမီးဖိုင်နယ်အဆင့်သို့ အင်္ဂလန်အသင်း တက်ရောက်နိုင်ခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်အဆင့်တွင် နော်ဝေအသင်းကို နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် အင်္ဂလန်အသင်းနှင့် နော်ဝေအသင်းတို့သည် ပွဲချိန် မိနစ် ၉၀ အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေရလဒ် ထွက်ပေါ်နေခြင်းကြောင့် အချိန်ပို ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပိုတွင် အင်္ဂလန်အသင်းက နော်ဝေအသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့သည်။

အင်္ဂလန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ်လာမည့် ဇူလိုင် ၁၆ ရက်တွင် အာဂျင်တီးနားအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဒန်နီလိုကို ခေါ်ယူရန် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ အပြိုင်စိတ်ဝင်စား

**လန်ဒန် ဇူလိုင် ၁၂**

ပရီးမီးယားလိဂ်ကလပ်အသင်းများဖြစ်သည့် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့သည် ဘိုတာဖိုဂိုအသင်း ကွင်းလယ်ကစားသမား ဒန်နီလိုကို ခေါ်ယူရန် အပြိုင်စိတ်ဝင်စားလျက်ရှိသည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘိုတာဖိုဂိုအသင်းနှင့်အတူ ၂၀၂၅ မှ ၂၀၂၆ခုနှစ်အတွင်း ပြိုင်ပွဲစုံ ၄၁ပွဲ ကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဘိုတာဖိုဂိုအသင်းကလည်း ဒန်နီလိုအတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေး ပေးချေမည့်



မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းနှင့် နယူးကာဆယ်အသင်းတို့အနေဖြင့် မည်သည့်အသင်းက ဘိုတာဖိုဂိုအသင်းထံမှ ဒန်နီလိုကို ခေါ်ယူသွားနိုင်မည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများရယူသွားမည်ဟု မော်တန်ဂျူလ်မန်းပြောကြား

**မက်ဒရစ် ဇူလိုင် ၁၂**

ကွင်းလယ်ကစားသမားသစ် မော်တန်ဂျူလ်မန်းက မိမိအနေဖြင့် လာမည့်ဘောလုံးရာသီသစ်တွင် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ အောင်မြင်မှုများ ရယူသွားမည်ဖြစ်ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကွင်းလယ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် စပို့တင်းလစ္စဘွန်းအသင်းမှ အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ၂၀၃၁ခုနှစ်





အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မော်တန်ဂျူလ်မန်းသည် စပို့တင်းလစ္စဘွန်းအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၄၂ပွဲကစားပြီး ၁၀ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (အောက်ဝဲပုံ)

အသက်(၂၇)နှစ်အရွယ်ရှိ မော်တန်ဂျူလ်မန်းက "ကျွန်တော် ကမ္ဘာ့ကြီးကျယ်အခမ်းအနားဆုံးဖြစ်တဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို ရောက်ရှိလာလို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ စပိန်လာလီဂါမှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံပါပြီ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုတွေလည်း ရယူသွားမှာပါ"ဟု ပြောသည်။ (NGB)

## ဗင်နီစီယပ်စ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုမည်

**မက်ဒရစ် ဇူလိုင် ၁၂**

တိုက်စစ်မှူး ဗင်နီစီယပ်စ်က ရီးရဲလ်မက်ဒရစ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမည်ဖြစ်သည်။ (အောက်ပုံ)

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက





ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီယပ်စ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၁၈-၂၀၁၉ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၆ပွဲကစားပြီး ၁၂၈ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်း၏ ထုတ်ပြန်ချက်တွင် "ဗင်နီစီယပ်စ်က အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုသွားမှာပါ။ စာချုပ်ကိစ္စ ညှိနှိုင်းမှုလည်း အဆင်ပြေနေပါပြီ။ စာချုပ်ကိစ္စလည်း မကြာမီ ရက်ပိုင်းအတွင်း အပြီးသတ်နိုင်မှာပါ"ဟု ထုတ်ပြန်သည်။ (NGB)

## နည်းပြ ယာဂန်ကလော့ပ်ကို နည်းပြသစ်အဖြစ် ခန့်အပ်ရန် ဂျာမနီအသင်းနှင့် သဘောတူညီမှုရရှိ

**မြူးနစ် ဇူလိုင် ၁၂**

ဂျာမနီအသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြယာဂန်ကလော့ပ်ကို ခန့်အပ်ရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါနည်းပြသည် ဂျာမနီအသင်းနှင့်အတူ ၂၀၃၀ပြည့်နှစ်



အထိ စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

နည်းပြ ယာဂန်ကလော့ပ်သည် နည်းပြဘဝတစ်လျှောက်တွင် မိန့်ဇ်၊ ဒေါ့မွန်၊ လီဗာပူး စသည့် အသင်းများကို ကိုင်တွယ်ပြီး အောင်မြင်မှုများ ရရှိအောင် စွမ်းဆောင်ထားပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်သည်။

ထို့ကြောင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း နည်းပြ ယာဂန်ကလော့ပ်ကို ဂျာမနီအသင်းနည်းပြသစ်အဖြစ် မြင်တွေ့ရမည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

(ဝဲပုံ) (NGB)

## ဘောလုံးသတင်းအတိုအထွာများ

* အာဆင်နယ်အသင်းသည် လိဒ်အသင်းဂိုးသမားဟောင်း အီလန်မယ်လီယာကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့သည်။

* မန်ယူအသင်းသည် ရီးမားအသင်း ကွင်းလယ်ကစားသမား ကိုနေးအား စတာလင်ပေါင် သန်း ၅၀ ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။ (NGB)

## 2026 Wimbledon အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Linda noskova ဆွတ်ခူး

**လန်ဒန် ဇူလိုင် ၁၂**

အင်္ဂလန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ချက်တင်းနစ်မယ် Linda noskova က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ ချက်တင်းနစ်မယ် Linda noskova သည် 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တစ်နိုင်ငံတည်းနေသူတင်းနစ်မယ် Karolina



Muchova ကို ၆-၂၊ ၅-၇၊ ၆-၃ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ Linda noskova က "အခုလို 2026 Wimbledon တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ နောက်ထပ်လည်း ယခုလို ဆုတွေ ထပ်မံဆွတ်ခူးနိုင်ဖို့ ဆက်လက် ကြိုးစားသွားမှာပါ။ ကျွန်မကို အားပေးတဲ့ ပရိသတ်တစ်ဦးတစ်ယောက်ချင်းစီကို ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

(ဝဲပုံ) (NGB)

## မာတင်ပရီတို ဂါလာတာစရေးအမျိုးသမီးအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၁၂**

တိုက်စစ်မှူးသစ် မာတင်ပရီတိုသည် ဂါလာတာစရေးအမျိုးသမီးအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိ ဈေးကွက်အတွင်းတွင် ဘင်ဖီကာအမျိုးသမီးအသင်းမှ ဂါလာတာစရေးအမျိုးသမီးအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး မာတင်ပရီတိုသည် ဘင်ဖီကာအမျိုးသမီးအသင်းနှင့်အတူ နှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၆၅ပွဲကစားကာ ၃၅ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဂါလာတာစရေးအမျိုးသမီးအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

အသက်(၃၃)နှစ်အရွယ်ရှိ မာတင်ပရီတိုက "ကျွန်မ ဂါလာတာစရေးအမျိုးသမီးအသင်းမှာ ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှု ဆုဖလားများစွာကိုလည်း ရယူသွားမှာပါ"ဟု ပြောသည်။ (NGB)



## သဘာဝဘေးလျော့ပါးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး

**သရက် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး၊သရက်ခရိုင်၊ သရက်မြို့၌ သဘာဝဘေးလျော့ပါးရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်း အသိပညာပေးဟောပြောပွဲကို အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း ရာပြည့်ခန်းမတွင် ယမန်နေ့ နံနက် ၁၀ နာရီက ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် သရက်ခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြထွေးက ရေဘေး၊ ငလျင်ဘေးဆိုင်ရာများကို အသိပညာပေး ဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်အိန္ဒြာအောင်က မီးခိုးမြူငွေ့များ ဖြစ်ပေါ်လာမှုနှင့် အဓိကအကြောင်းအရင်းများ၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်း၍ ဖြစ်ပေါ်စေနိုင်သော ဆိုးကျိုးများအကြောင်းကို ဟောပြောခဲ့ကြသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က စွန့်ပစ်အမှိုက်များကို စနစ်တကျ စွန့်ပစ်ရေးနှင့် စိုက်ပျိုးရေးဆေးများ စနစ်တကျသုံးစွဲရေးတို့ကို ဟောပြောပေးခဲ့သည်။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာများ နံရံကပ်၊ ဓာတ်ပုံများ ပြသခြင်း၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့မှ ကျောင်းသား၊ ကျောင်းသူများအား သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**ဇော်ထက်(သရက်)**





## မန္တလေး ရဲမွန်တောင်ရပ်ကွက်တွင် ယာဉ်နှစ်စီး တိုက်မှုဖြစ်ပွား၊ လူထိခိုက်ဒဏ်ရာရမှု မရှိ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ ၃၅ လမ်းနှင့် ၅၈လမ်းထောင့် မီးပွိုင့်တွင် ယနေ့ည ၉ နာရီခွဲခန့်တွင် ယာဉ်နှစ်စီးတိုက်မှုတစ်ခု ဖြစ်ပွားခဲ့သော်လည်း လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မျက်မြင်တွေ့ရှိသူများ၏ ပြောကြားချက်အရ ယာဉ်နှစ်စီးမှာ မီးပွိုင့်ရှိ အချက်ပြမီးစနစ်ကို လိုက်နာခြင်းမရှိဘဲ အလုအယက်ဖြတ်သန်းရန် ကြိုးပမ်းစဉ် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယာဉ်တိုက်မှုဖြစ်ပွားပြီးနောက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိစစ်ဆေးခဲ့ပြီး ယာဉ်တိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်–၆)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး ဇူလိုင် ၁၂**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ဇူလိုင် ၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် ည ၇ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ပေါက်တောကြီးကျေးရွာ ရန်ကုန်-မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် ၁ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ဝေါမြို့မှ ဘုရားကြီးမြို့ဘက်သို့ ဘုရားကြီးမြို့နေ ဦးလွမ်းနိုင်(၃၂)နှစ်ဆိုသူ မောင်းနှင်ပြီး တစ်မြို့တည်းနေ ကိုကျော်ကိုကိုထက် (၂၂)နှစ်ဆိုသူလိုက်ပါလာသော TOYOTA HILUX SURF မော်တော်ယာဉ်သည် အခင်းဖြစ်နေရာအရောက်၌ လားရာတူရှေ့မှ ဘုရားကြီးမြို့နေ ဦးသိန်းနိုင်(ခ) ဦးနာရီ(၅၂)နှစ်ဆိုသူမောင်းနှင်ပြီး ဒေါ်ငြိမ်းငြိမ်းစိုး(၄၃)နှစ်ဆိုသူလိုက်ပါလာသော HONDA 110 ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲနောက်မှ ဝင်ရောက်တိုက်မိ တိမ်းမှောက်ခဲ့သဖြင့် ကိုကျော်ကိုကိုထက်၊ ဦးသိန်းနိုင်(ခ)ဦးနာရီနှင့် ဒေါ်ငြိမ်းငြိမ်းစိုးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့သောကြောင့် လွမ်းနိုင်ဆိုသူအား ဘုရားကြီးနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

*– *– *– *– *– *





## ဟိုနားလားဟူကျေးရွာ၌ နေအိမ်မီးလောင်မှုဖြစ်ပွား

**မိုင်းဖြတ် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်၊ မိုင်းဖြတ်မြို့နယ်၊ ဟိုနားလားဟူကျေးရွာ၌ ဇူလိုင် ၈ ရက် နံနက် ၂ နာရီခွဲက ပိုင်ရှင် ဦးယောလှ(၂၇)နှစ်ဆိုသူ၏ (၂၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ထောင် ခြေတံရှည် နေအိမ်နှင့်တွဲလျက် ဆောက်လုပ်ထားသော (၁၆×၂၄)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း မီးဖိုဆောင်တွင် မီးဖိုမီးကြွင်းမီးကျန်မှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် မိုင်းဖြတ်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် (၂၀×၂၄)ပေ၊ သွပ်မိုး၊ ပျဉ်ခင်း၊ ပျဉ်ထောင် ခြေတံရှည်နေအိမ်တစ်လုံးနှင့် (၁၆×၂၄)ပေ၊ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း မီးဖိုဆောင်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးယောလှဆိုသူအား မိုင်းဖြတ်မြို့နယ် ရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးရမိ

**စစ်ကိုင်း ဇူလိုင် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် မော်တော်ဆိုင်ကယ်နှစ်စီး ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇူလိုင် ၆ ရက် မွန်းတည့် ၁၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မအူပူးပေါင်းစစ်ဆေးရေးဂိတ်၌ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က မော်တော်ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မန္တလေး-မုံရွာကားလမ်းအတိုင်း တောင်မှ မြောက်သို့ ဆူးလေကုန်းရပ်ကွက်နေ ကိုမိုးမြင့်စွမ်းရည်ကျော်(၂၅)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA MARK II မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါယာဉ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် မိုးမြင့်စွမ်းရည်ကျော်ဆိုသူအား မုံရွာမြို့မရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ အလားတူ မွန်းလွဲ ၁၂ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ စစ်ချောင်းကျေးရွာလမ်းဆုံ၌ သာရဝေါနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် လက်ပံတန်းမြို့နယ်နေ ဦးထွန်းထွန်းနိုင်(၃၄)နှစ်ဆိုသူ မောင်းနှင်လာသော CBR-150 မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် ထွန်းထွန်းနိုင်ဆိုသူအား သာရဝေါနယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၌ တောင်ငူမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မြောက်ရေကြည်ကျေးရွာနေ မောင်ကောင်းထက်စံ(၁၉)နှစ်ဆိုသူ မောင်းနှင်လာသော CANDA မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့ရာ အဆိုပါမော်တော်ဆိုင်ကယ်နှင့်ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ဖြစ်ကြောင်း သိရှိရသဖြင့် ကောင်းထက်စံဆိုသူအား တောင်ငူမြို့နယ်၊ အမှတ်(၂)နယ်မြေရဲစခန်းမှ ပို့ကုန်၊ သွင်းကုန်ဥပဒေဖြင့် လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အောက်ပုံ)

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အရှေ့တောင်အာရှတွင် သူဌေးများ အလျင်မြန်ဆုံး တိုးပွားလာ ထိုင်းနိုင်ငံ ဘန်ကောက်မြို့က ဗဟိုချက်အဖြစ် ရပ်တည်လျက်ရှိ



**ဘန်ကောက် ဇူလိုင် ၁၂**

ဘန်ကောက်မြို့သည် အရှေ့တောင်အာရှတွင် အလွန်ချမ်းသာကြွယ်ဝသူများ အလျင်မြန်ဆုံး တိုးပွားလာရာ ဗဟိုချက်ဖြစ်လာပြီး ဆက်လက်ဖြစ်ပွားနေသည့် စီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ မရေရာမှုများရှိနေလင့်ကစား ကမ္ဘာလုံးဆိုင်ရာ ချမ်းသာကြွယ်ဝမှုများအတွက် ထိုင်းနိုင်ငံ၏ ဆွဲဆောင်နိုင်မှုကို ပိုမိုခိုင်မာစေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံ၏ မြို့တော်တွင် အလွန် ချမ်းသာကြွယ်ဝသူ ဦးရေသည် ၂၀၂၅ ခုနှစ်တွင် ၁၂၁၀ ဦး ရှိရာမှ ၂၀၃၀ ပြည့်နှစ်တွင် ၁၈၄၀ ဦးခန့်အထိ တိုးတက်လာမည်ဟု ခန့်မှန်းထားပြီး ယင်းသည် ၅၀ ရာခိုင်နှုန်းကျော် တိုးတက်လာခြင်း သို့မဟုတ် တစ်နှစ်လျှင် ပျမ်းမျှ ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးပွားလာခြင်းဖြစ်ကြောင်း အမေရိကန်အခြေစိုက် ချမ်းသာကြွယ်ဝမှုဆိုင်ရာ သုတေသနအဖွဲ့တစ်ခုဖြစ်သည့် အော်လ်ထရာတာက အစီရင်ခံသည်။

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ ဘန်ကောက်မြို့တွင် အဓိကအခြေစိုက် နေထိုင်သူ ၁၂၁၀ ဦး အပါအဝင် အလွန်ချမ်းသာကြွယ်ဝသူ စုစုပေါင်း ၂၀၉၀ ဦး ရှိခဲ့ပြီး အလွန်ချမ်းသာကြွယ်ဝသူများဆိုသည်မှာ အသားတင်ပိုင်ဆိုင်မှု အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ရှိသူများကို ဆိုလိုခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဂျပန်နိုင်ငံ၏ ပြန်လည်အသုံးပြုနိုင်သော ပထမဆုံး ဒုံးပျံ ပစ်လွှတ်ခြင်းနှင့် ဆင်းသက်ခြင်း စမ်းသပ်အောင်မြင်

**တိုကျို ဇူလိုင် ၁၂**

ဂျပန်နိုင်ငံ၏ ပြန်လည်အသုံးပြုနိုင်သော ဒုံးပျံပထမဆုံး အကြိမ်ပစ်လွှတ်ခြင်းနှင့် ပြန်လည်ဆင်းသက်ခြင်း စမ်းသပ်မှုကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီး စပေ့စ်အိပ်စ်ကုမ္ပဏီက လွှမ်းမိုးထားသည့် ကုန်ကျစရိတ်လျှော့ချရေးအတွက် ခြေလှမ်းသစ်တစ်ရပ်ဖြစ်လာသည်ဟု ဂျပန်အာကာသအေဂျင်စီက ဇူလိုင် ၁၁ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အကီတာဒေသ နိုရှီရိုရို ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ၏ စမ်းသပ်ကွင်းမှ ပစ်လွှတ်ခဲ့သော အဆိုပါ ဒုံးပျံသည် အမြင့် ၁၀ မီတာခန့်အထိ ရောက်ရှိခဲ့ပြီးနောက် ပြန်လည်ဆင်းသက်ခဲ့သည်။

ယင်းဒုံးပျံ၏ပျံသန်းမှုသည် ၄၀ စက္ကန့်ခန့် ကြာမြင့်ခဲ့ကြောင်း ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီ၏ သတင်းထုတ်ပြန်ထားသည်။

မိမိတို့အနေဖြင့် ဤလုပ်ငန်းစဉ်အတွက် အချိန်နှင့် ကြိုးပမ်းအားထုတ်မှုများစွာ ပေးဆပ်ခဲ့ရပြီး ယခုအခါ ရွေ့ပြေးပုံစံဒုံးပျံသည် မည်သည့်ပြဿနာမျှမရှိဘဲ ပျံတက်ခြင်းနှင့် ဆင်းသက်ခြင်းတို့ကို လုပ်ဆောင်နိုင်ခဲ့သဖြင့် အလွန်စိတ်သက်သာရာရမိသည်ဟု ဂျပန်အာကာသစူးစမ်းလေ့လာရေးအေဂျင်စီမှ တာကာရှီ အီတိုက ပြောကြားကြောင်း သိရသည်။

**Mon**



## ဟန်ကျိုးနယ် ကျန်းလုံမြို့သို့ ဦးတည်သည့် လမ်းများပြန်ဖွင့် ကယ်ဆယ်ရေးယာဉ်များ ရေဘေးသင့်ဒေသထဲသို့ ဝင်နိုင်ပြီ

**ပေကျင်း ဇူလိုင် ၁၂**

တရုတ်နိုင်ငံ ကွမ်ရှီကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟန်ကျိုးနယ် ကျန်းလုံမြို့သို့ ဦးတည်သည့် လမ်းများကို စနေနေ့ မွန်းလွဲ ၃ နာရီ တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ကယ်ဆယ်ရေးယာဉ်များ ရေဘေးသင့်ဒေသအတွင်းသို့ ဝင်ရောက်နိုင်ပြီဟု ဒေသခံအာဏာပိုင်များက အတည်ပြုပြောကြားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လမ်းများ ပြန်လည်ဖွင့်လှစ်ပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များစွာသည် အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့် လုပ်ဆောင်နေကြပြီး ဘေးလွတ်ရာ ရွှေ့ပြောင်းရမည့် နေထိုင်သူများကို ကယ်ထုတ်ခြင်းနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့ခြင်းတို့ကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

တိုင်ဖုန်းမုန်တိုင်း မေဆတ်ကြောင့် မိုးသည်းထန်စွာ ဆက်တိုက်ရွာသွန်းပြီး ကျန်းလုံမြို့နယ်တွင် ပြင်းထန်သော ရေကြီးရေလျှံမှုများကြောင့် မြို့နယ်၏ ပြင်ပဆက်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးလိုင်းများ ပြတ်တောက်ကာ အဆိုပါဒေသသည် ယာယီအဆက်အသွယ်ပြတ် တောက်နေခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဗီယက်နမ်လျှပ်စစ်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဗင်းဖတ်စ် ခြောက်လအတွင်း ပြည်တွင်းလျှပ်စစ်ကားထုတ်လုပ်မှု စံချိန်တင်



**ဟနွိုင်း ဇူလိုင် ၁၂**

ဗီယက်နမ်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီဗင်းဖတ်စ်သည် ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်အတွင်း ပြည်တွင်း၌ လျှပ်စစ်ကားစီးရေ ၁၁၅၉၁၆ စီး ပေးပို့နိုင်ခဲ့ပြီး ယင်းသည် ယခင်နှစ်ကာလတူထက် ၇၂ ရာခိုင်နှုန်းမြင့်တက်လာကာ စံချိန်တင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခုကဲ့သို့ စွမ်းဆောင်နိုင်မှုကြောင့် ဗီယက်နမ်နိုင်ငံတွင် ပထမခြောက်လပတ်အတွင်း မော်တော်ယာဉ်ပေးပို့မှု အစီးရေ ၁၀၀၀၀၀ ကျော်လွန်သည့် ပထမဆုံး မော်တော်ယာဉ်အမှတ်တံဆိပ်ဖြစ်လာကြောင်း အဆိုပါ ကုမ္ပဏီက သတင်းထုတ်ပြန်သည်။

ဇွန်လတစ်လတည်းတွင်ပင် မော်တော်ယာဉ်စီးရေ ၁၇၉၅၅ စီးပေးပို့ခဲ့ပြီး ဇွန်လအထိ ၂၁ လဆက်တိုက် ပြည်တွင်းအရောင်းရဆုံး မော်တော်ယာဉ်အမှတ်တံဆိပ်အဖြစ် ဆက်လက်ရပ်တည်နေကြောင်း သိရသည်။

**Mon**

0-0-0-0-0

## ဆက်တိုက်ကြုံတွေ့ခဲ့သော မုတ်သုံမိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဘင်္ဂလားဒေ့ရှ် အရှေ့တောင်ပိုင်းတွင် အနည်းဆုံး ၄၄ ဦး သေဆုံးခဲ့

**ဒက္ကာ ဇူလိုင် ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ရက်ပေါင်းများစွာ ဆက်တိုက်ကြုံတွေ့ခဲ့သော မုတ်သုံမိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများဖြစ်ပွားကာ လူပေါင်း အနည်းဆုံး ၄၄ ဦး သေဆုံးခဲ့ပြီး လူဦးရေ ၁ သန်းကျော် ရေဘေး ပိတ်မိနေကာ ပျက်စီးဆုံးရှုံးမှုကြုံတွေ့ရသည့် ဒေသများသို့ ကူညီထောက်ပံ့မှုများပေးရန် အာဏာပိုင်များက ဇူလိုင် ၁၁ ရက်တွင် အပူတပြင်း ကြိုးပမ်းနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စစ်တကောင်း၊ ကော့ဘတ်ဇာ၊ ဘန်ဒါဘန်၊ ရာဂါမာတီ၊ ခါဂရာချာရီ၊ မော်လ်ဗီဘာဇာနှင့် ဟာဘီဂန်ဂျ် စသည့် ခရိုင်ခုနစ်ခုတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခြင်းကြောင့် နေ့စဉ်လူမှုဘဝများ ထိခိုက်ပျက်စီးကာ မိသားစုပေါင်း ထောင်ချီ၍ အဆက်အသွယ်ပြတ်တောက်နေပြီး အိမ်ထောင်စုပေါင်း ၂၆၇၉၁၈ စု ရေဘေးပိတ်မိနေကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် လျှပ်စစ်မီးပြတ်တောက်မှုများ၊ လမ်းပန်းဆက်သွယ်ရေး ပျက်စီးမှုများနှင့် ဆက်သွယ်ရေးလိုင်းများ ပြတ်တောက်မှုတို့ကြောင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းစဉ်များ နှောင့်နှေးကြန့်ကြာလျက်ရှိကြောင်း သိရသည်။

**Mon**



## အိုမန်ကမ်းရိုးတန်း၌ အိန္ဒိယကုန်သွယ်ရေးသင်္ဘော တိုက်ခိုက်ခံရမှုအပေါ် အိန္ဒိယအစိုးရ ရှုတ်ချ

**နယူးဒေလီ ဇူလိုင် ၁၂**

အိုမန်ကမ်းရိုးတန်း၌ အိန္ဒိယနိုင်ငံသားများ တင်ဆောင်လာသော "GFS Galaxy" အမည်ရှိ ကုန်သွယ်ရေးသင်္ဘောအား ယနေ့ တိုက်ခိုက်ခံရမှုကို အိန္ဒိယအစိုးရက ရှုတ်ချခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသား ၁၀ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက ဒေသတွင်း ကုန်သွယ်ရေးသင်္ဘောများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများကို ပစ်မှတ်ထားခြင်းကို အဆုံးသတ်ရမည်ဖြစ်ပြီး လွတ်လပ်စွာ ရေကြောင်းသွားလာမှုနှင့် ကုန်သွယ်ရေးလုပ်ငန်းများကို အမြန်ဆုံး ပြန်လည်ထူထောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အိုမန်နိုင်ငံရှိ အိန္ဒိယသံရုံးက ကုန်သွယ်ရေးသင်္ဘော တိုက်ခိုက်ခံရမှုအခြေအနေကို အနီးကပ်စောင့်ကြည့်နေပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် အိုမန်အာဏာပိုင်များနှင့် ရှေ့ဆောင်ပူးပေါင်းဆောင်ရွက်နေကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ဒေသတွင်း ကုန်သွယ်ရေးသင်္ဘောများ တိုက်ခိုက်မှုများအပေါ် အလွန်စိုးရိမ်ဖွယ်ကောင်းကြောင်းကိုလည်း ကြေညာချက်တွင် ဖော်ပြထားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# မန္တလေးတိုင်းဒေသကြီးအတွင်း စားအုန်းဆီများ ပုံမှန်ဖြန့်ဖြူးပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး အတွင်း စားအုန်းဆီများ ပုံမှန် ဖြန့်ဖြူးပေးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်း ယခင်တစ်လလျှင် စားအုန်းဆီ တန်ချိန် ၆၅၅၀ တန် ခွဲဝေရရှိသည့်အပေါ် စားအုန်းဆီ ဖြန့်ဖြူးသည့် ကုမ္ပဏီ၂၃ ခုတို့မှ လက်ကားကိုယ်စားလှယ် ၅၅ ဦး ဖြင့် ခရိုင်၊ မြို့နယ်အလိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ တိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုဦးရေ ၁၄ သိန်းကျော်နှင့် တွက်ချက်ပါက တစ်အိမ်ထောင်လျှင် တစ်လပျမ်းမျှ စားအုန်းဆီ ၂ ဒသမ ၈ ပိဿာနှုန်းခန့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

နိုင်ငံတော်အနေဖြင့် ပြည်တွင်းစားအုန်းဆီထုတ်လုပ်ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ပြည်ပမှ စားအုန်းဆီ တင်သွင်းမှုပမာဏကို ထိန်းညှိဆောင်ရွက်ဖြန့်ဖြူးလျက်ရှိရာ ၂၀၂၆ ခုနှစ် ဇူလိုင်လတွင် မန္တလေးတိုင်းဒေသကြီးအတွက် တစ်လလျှင် စားအုန်းဆီတန်ချိန် ၆၁၅၅ တန် ဖြန့်ဖြူးသွားမည်ဖြစ်ကြောင်းနှင့် ပြင်ဆင်ခွဲဝေသည့် ပမာဏအပေါ် တိုင်းဒေသကြီးအတွင်းရှိ အိမ်ထောင်စုဦးရေ ၁၄ ဒသမ ၉ သိန်းဖြင့် တွက်ချက်ပါက တစ်အိမ်ထောင်လျှင် တစ်လပျမ်းမျှ စားအုန်းဆီ ၂ ဒသမ ၅၂ ပိဿာနှုန်းခန့်ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်ပြီး လက်ရှိဖြန့်ဖြူးနေသည့် ဈေးနှုန်းနှင့် ဈေးကွက်ကို ထိခိုက်မှုမရှိကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အတွင်းစားအုန်းဆီများကို သတ်မှတ်ပမာဏ၊ သတ်မှတ်နေရာများတွင် ထုတ်ပြန်ထားသည့် ရည်ညွှန်းဈေးများအတိုင်း စနစ်တကျရောင်းချမှုရှိစေရေးအတွက် သက်ဆိုင်ရာဌာနများမှ ကွင်းဆင်းစိစစ်ကြပ်မတ်လျက်ရှိပြီး စားသုံးသူပြည်သူများသို့ စုံစမ်းမေးမြန်းချက်များအရ သတ်မှတ်ရည်ညွှန်းဈေးအတိုင်း တစ်ပိဿာလျှင် ငွေကျပ် ၈၅၅၀ ဖြင့် ပုံမှန်ဝယ်ယူရရှိလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၅)**





# အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှု တိုးတက်ရေး လူထုလှုပ်ရှားမှုအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနမှကြီးမှူး၍ အခွန်ဆိုင်ရာ အသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးကို ရည်ရွယ်သည့် လူထုလှုပ်ရှားမှု (Tax Awareness Campaign) အခမ်းအနားကို ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီက မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အဖွင့်အမှာ စကားပြောကြားခဲ့ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူး ဦးတက်ထွန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် အမရပူရမြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်သီတာဝင်းရွှေက တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများနှင့် ဖိတ်ကြားထားသူများအား အခွန်ဆိုင်ရာအသိပညာတိုးတက်ရေးနှင့် အခွန်တာဝန်လေးစားလိုက်နာမှုတိုးတက်ရေးများကို ပိုမိုနားလည်သဘောပေါက်စေရန်အခွန်ဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းပြည်သူများက မိမိတို့ သိရှိလိုသည့် အခွန်ဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများနှင့် အခွန်ထမ်းပြည်သူများ ၁၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၈)**

# အ.ထ.က(ဘယ်လင်း)၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

**စဥ့်ကိုင် ဇူလိုင် ၁၂**



မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောက်ဆည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူ လူငယ်များ အသိအလိမ္မာတိုးပွားစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ အတတ်ပညာများတိုးပွားစေရေး နိုင်ငံတော်အတွက် အကျိုးပြုနိုင်သော အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများ ပေါ်ထွန်းလာစေရေးတို့ကို ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၁၀ နာရီက ဘယ်လင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ဘယ်လင်း)ခန်းမ၌ ကျင်းပခဲ့သည်။

လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးမြင့်က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက လူငယ်ရေးရာ ဟောပြောပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး 'လူငယ်နှင့် ရည်မှန်းချက်' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးသီဟကျော်က 'စွန့်ပစ်အမှိုက်လျှော့ကျစေမည့် နည်းလမ်းသွယ်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးဟောပြောခဲ့ သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ဆွေးဆွေး ဖြေကြားခဲ့ကြောင်းနှင့် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက ခန်းမအတွင်း ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် သုတ၊ ရသ စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**ကျော်စွာ(စဥ့်ကိုင်)**

# ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**ကလော ဇူလိုင် ၁၂**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ ကလောမြို့နယ် အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ မြို့နယ်ပညာရေးမှူးဖလား အသက်(၁၅)နှစ်အောက် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အားကစားကွင်း၌ ကျင်းပခဲ့သည်။




ရှေးဦးစွာ အသက်(၁၅)နှစ်အောက် ကျောင်းပေါင်းစုံဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် နောင်လွယ် အ-လ-က(ခွဲ)ကျောင်းနှင့် အောင်ပန်းမြို့ အ-ထ-က(၃) အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပွဲချိန်အပြီးတွင် အောင်ပန်း အ-ထ-က(၃)အသင်းက နောင်လွယ် အ-လ-က(ခွဲ)အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက် ကျင်းပခဲ့ရာ ကလောမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ပထမဆု ငွေကျပ်ငါးသိန်း၊ ဒိုင်းဆုနှင့် တစ်ဦးချင်းလည်ဆွဲဆု၊ ဒုတိယဆု ငွေကျပ် သုံးသိန်းနှင့် တစ်ဦးချင်း လည်ဆွဲဆု၊ တတိယဆု ငွေကျပ် နှစ်သိန်းနှင့် တစ်ဦးချင်းလည်ဆွဲဆုရရှိသည့် အသင်းများနှင့် ပြိုင်ပွဲတွင် တစ်ဦးချင်းအကောင်းဆုံး ကစားသမားဆု၊ အရှေ့တန်း၊ အလယ်တန်း၊ အနောက်တန်းနှင့် အကောင်းဆုံးဂိုးသမားဆုတို့ကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

# အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ အားကစားနည်းများသရုပ်ပြ၍ အားကစားပစ္စည်းများထောက်ပံ့

**မန္တလေး ဇူလိုင် ၁၂**

ပညာရေးဝန်ကြီးဌာနနှင့် အားကစားရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးနှင့် အားကစားနည်းများကို လူငယ်ကျောင်းသား၊ ကျောင်းသူများ စိတ်ဝင်စားလာစေရန် ရည်ရွယ်၍ အားကစားနည်းများ သရုပ်ပြခြင်းကို ဇူလိုင် ၁၀ရက် မွန်းလွဲ ၂နာရီက ချမ်းမြသာစည် မြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဘောလုံးအားကစားကွင်းတွင် ပြုလုပ်ခဲ့သည်။



အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)မှ သင်တန်းသား၊ သင်တန်းသူများက ဘောလုံး၊ ကရာတေး၊ တိုက်ကွမ်ဒို၊ ဗိုဗီနမ်၊ ဝူရှူး(ထောက်လု)အားကစားနည်းများသရုပ်ပြပြီး အားကစားနှင့် ကာယပညာဦးစီးဌာန၊ အားကစားနှင့် ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများအား အားကစားချိန်တွင် အသုံးပြုရန် အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။(ဝဲပုံ)(ဝ၄၅)

# ရှိပြီး ကောင်းနိုင်ကြပါစေ

တစ်ရက်တွင် လမ်းစဝ၊ ဇလမ်းထောင့်ရှိ ခေတ်ချိုလက်ဖက်ရည်ဆိုင်တွင် မိတ်ဆွေတစ်ယောက်နှင့် ဆုံဖြစ်သည်။

မိတ်ဆွေက ပါလာသော လက်ကိုင်ဖုန်းကို စားပွဲပေါ်သို့ တင်လိုက်ပြီး ‘မရှိမကောင်း၊ ရှိမကောင်းဆိုတဲ့ အမျိုးအစားထဲမှာ သူလည်းပါတယ်’ဟု လက်ကိုင်ဖုန်းကို ညွှန်ပြပြီး စကားစလေသည်။

ရှင်းစမ်းပါဦးဆိုတော့ . . .

‘ဖုန်းကို ကောင်းတဲ့ဘက်မှာ အကျိုးရှိရှိ အသုံးပြုသူတွေအတွက် ကောင်းကျိုးတွေဖြစ်စေတာမို့ ဖုန်းရှိတာက ကောင်းတယ်လေ။ ဖုန်းမရှိတဲ့အခါ အကြောင်းအမျိုးမျိုးကြောင့် ဖုန်းကို အသုံးပြုလို့မရတဲ့အခါ အကျိုးဖြစ်ထွန်းမှုတွေ ယုတ်လျော့စေနိုင်တာမို့ သူတို့အတွက် မရှိမကောင်းဖြစ်တာပေါ့။

ဖုန်းကို မကောင်းတဲ့ဘက်မှာ လွဲမှားစွာ အသုံးပြုနေသူတွေအတွက် ဆိုးကျိုးတွေ ဖြစ်စေနိုင်တာမို့ သူတို့လက်ထဲမှာ ဖုန်းမရှိတာကမှ ပိုပြီး ကောင်းသေးတယ်လေ။ ဒါကြောင့် ရှိမကောင်းလို့ ပြောတာ’ဟု ပြောပြီး စားပွဲထိုးလာချပေးသော လက်ဖက်ရည်ခွက်ကို ယူကာ သောက်နေလေသည်။

မိတ်ဆွေပြောခဲ့သော စကားများက အတွေးပွားစရာဖြစ်လာသည်။ ယနေ့ခေတ် လူအများစု၏ လက်ထဲတွင် လက်ကိုင်ဖုန်းတွေ ရှိနေကြပြီဖြစ်သည်။ ဈေးကြီးတာ ဈေးနည်းတာပဲ ကွာသည်။ နည်းပညာခေတ်မှာ လူအများစု ဖုန်းကို အသုံးပြုနေခြင်းက အဆန်းတော့ မဟုတ်ပေ။

တချို့က စီးပွားရေး၊ ကြီးပွားရေးအတွက် ဖုန်းကို အသုံးပြုကြသည်။ တချို့က လေ့လာရေး၊ သင်ယူရေး၊ ဗဟုသုတရှာဖွေရေးအတွက် အသုံးပြုကြသည်။ တချို့က အတွေ့အကြုံဗဟုသုတတွေ၊ ပညာအမွေလက်ဆင့်ကမ်းမှုတွေ မျှဝေပေးရေးအတွက် အသုံးပြုကြသည်။ တချို့က ဖျော်ဖြေရေးအတွက် အသုံးပြုကြသည်။

တချို့က ဖုန်းကို အသုံးပြု၍ လောင်းကစားလုပ်ကြသည်။ တချို့က ဖုန်းကိုအကြောင်းပြုကာ ဘဝကို မြင့်အောင်တည်ဆောက်နေကြသည်။ တချို့က ဖုန်းကိုအသုံးပြုရင်း ဘဝတွေ နိမ့်ပါးကုန်ကြသည်။ လူအများစု လက်ကိုင်ဖုန်းတွေ အသုံးပြုနေတာက အဆန်းမဟုတ်ပေမယ့် ဖုန်းကို အသုံးပြုပြီး ဘဝအနိမ့်အမြင့်၊ ကောင်းခြင်း၊ ဆိုးခြင်း မတူကွဲပြားမှုများက ဆန်းနေသည်ဟု ဆိုရမည်။

မိတ်ဆွေက သောက်လက်စ လက်ဖက်ရည်ခွက်ကို စားပွဲပေါ်တင်လိုက်ပြီး စကားဆက်ပြန်သည်။ အသက်အရွယ် ငယ်ငယ်လေးတွေနဲ့ ဖုန်းအသုံးပြုရာက လမ်းလွဲပြီး စောစောစီးစီး အိမ်ထောင်ပြုကုန်ကြတာ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ အတွေ့အကြုံကလည်း အားနည်း၊ ဘဝရပ်တည်ရှင်သန်ရေးအတွက် အာမခံချက်ဖြစ်တဲ့ အလုပ်အကိုင်ကလည်း အတည်တကျမရှိဆိုတော့ မင်္ဂလာဆောင်ပြီး မကြာဘူး ကွဲလေသတည်းပေါ့။ တချို့ဆိုရင် မိမိနိုင်ငံရဲ့ အမျိုးသားယဉ်ကျေးမှုနဲ့မညီတဲ့ ဝတ်စားဆင်ယဉ်မှု၊ အနေအထိုင်၊ အပြုအမူတွေလုပ်ပြီး လိုင်းပေါ်မှာ မမြင်ချင်မှ အဆုံးဘဲ။

၁၀နှစ်-၁၅နှစ် ဆိုးတူကောင်းဖက် အတူလက်တွဲတည်ဆောက်ခဲ့ကြတဲ့ မိသားစုတွေ ဖုန်းအသုံးပြုရာက ပြိုကွဲကုန်ကြတာတွေလည်း ရှိရဲ့။ တစ်လင်တစ်မယားဆိုတဲ့ မြန်မာတို့ရဲ့ အစဉ်အလာနဲ့ မျိုးစောင့်ဥပဒေကို မသိလို့ ကျူးလွန်ကြသလို သိသိကြီးနဲ့ ဖောက်ဖျက်နေကြသူတွေလည်း ရှိနေပြန်ရော။

တချို့ကလည်း အရှည်မရ၊ အဖတ်မရ ဣဿာမစ္ဆရိယတွေ ပွားနေလိုက်ကြတာ။ ဒါတင်ဘယ်ကမလဲ။ မကြားဝံ့ မနာသာ စကားလုံးတွေ သုံးပြီး စရိုက်ကြမ်းမှုကို ပြနေလိုက်ကြတာ ကမ္ဘာ့အလယ်မှာ မြန်မာ့ယဉ်ကျေးမှုကို ထိခိုက်နေမှန်း မသိကြဘူးထင်ပါရဲ့။

အဆိုးဆုံးကတော့ အွန်လိုင်းလိမ်လည်မှုနဲ့ အွန်လိုင်းလောင်းကစားပဲဆိုပြီး စကားရပ်ကာ လက်ဖက်ရည်ခွက်ကို လှမ်းယူသည်။ အမှန်တကယ်လည်း အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများက လူအတော်များများအား ဒုက္ခဖြစ်စေတာကို တွေ့မြင်ကြားသိနေရသည်။ အွန်လိုင်းလိမ်လည်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးက စောင့်ကြည့်ရသည့် အနေအထားအဖြစ် တွေ့မြင်နေရသည်။ အွန်လိုင်းလိမ်လည်မှုကို အကြောင်းပြု၍ ဒေသတွင်း တည်ငြိမ်အေးချမ်းမှု ပျောက်ဆုံးခဲ့ရသည့် ဖြစ်စဉ်တွေ ပေါ်ပေါက်ခဲ့ရသည်။

အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးကို နိုင်ငံတော်၏ အမျိုးသားရေးစီမံချက်အဖြစ် သတ်မှတ်ပြီး လုပ်ဆောင်နေကြရသည်။ အွန်လိုင်းလောင်းကစားနှင့် အွန်လိုင်းလိမ်လည်မှုများတွင် ပါဝင်ပတ်သက်ဖူးသူတို့ရဲ့ ပြောပြချက်အရ နေ့မနား၊ ညမနား နာရီအချိန်များစွာ အလုပ် လုပ်ကြရသလို အလုပ် လုပ်နိုင်စွမ်းမရှိတဲ့ အချိန်မှာတော့ အခန်းတွင်းမှာ ပိတ်လှောင်ပြီး ရိုက်နှက်နှိပ်စက်ခြင်းကိုခံကြရသည်။ တချို့ အသက်ပါပေးလိုက်ရသည့် ဖြစ်စဉ်တွေလည်း ရှိခဲ့သလို ကိုယ်လက် အင်္ဂါဆုံးရှုံးကြရသော ဖြစ်စဉ်များရှိခဲ့ကြောင်းကို သတင်း၊ မီဒီယာ တွေမှာ တွေ့ရသည်။

မိမိတို့ရဲ့ အလိုလောဘနောက်လိုက်ရာက အွန်လိုင်းလိမ်လည်မှု၏ သားကောင်အဖြစ်ရောက်ခဲ့ကြရသလို ယုံကြည်မှု လွန်ကဲရာကနေ အွန်လိုင်းလိမ်လည်ခြင်းကို ခံကြရသည့် ဖြစ်စဉ်တွေလည်းရှိသည်။ ငွေကြေးချမ်းသာသူများ၊ ငွေကြေးအတန်အသင့်ရှိသူများ အွန်လိုင်းလိမ်လည်ခြင်းကို ခံကြရသည်။ အွန်လိုင်းလိမ်လည်မှုတွေ လုံးဝကင်းစင်ပပျောက်သွားအောင် လုပ်ဆောင်ဖို့ဆိုသည်ကလည်း လွယ်ကူသောအရာတော့ မဟုတ်ပေ။

ကင်ဆာရောဂါဖြစ်ပွားနေသူ၏ ခန္ဓာကိုယ်မှာ ကင်ဆာဆဲလ်တွေ ပြန့်နေသလို အွန်လိုင်းလိမ်လည်မှုတွေကလည်း ကမ္ဘာ့နိုင်ငံတော်တော်များများမှာ ရောက်ရှိနေပြီဖြစ်သည်။ အွန်လိုင်းလိမ်လည်မှု မခံရစေဖို့အတွက် အသိနဲ့သတိကို လက်ကိုင်ထားပြီး တတ်သိနားလည်သူတို့၏ စကားကို နားထောင်ဖို့လိုသလို ကျွမ်းကျင်ပညာရှင်များ၏ အသိပညာမျှဝေမှုတွေကိုလည်း လေ့လာကြဖို့လိုသည်။ အွန်လိုင်းငွေကြေးလိမ်လည်မှုက ငွေကြေးချမ်းသာသူတို့အား သားကောင်အဖြစ် အဓိကပစ်မှတ်ထားသော်လည်း အွန်လိုင်းလောင်းကစားဂိမ်းတွေကတော့ ငွေကြေးချမ်းသာသူကို အစပြု၍ အခြေခံ လက်လုပ်လက်စား၊ နေ့စားအလုပ်သမားတွေအထိ ပစ်မှတ်ထားခြင်း ခံနေကြရသည်။

အခြေခံလူတန်းစား နေ့စားအလုပ်သမားတို့ နေပူမရှောင်၊ မိုးရွာမရှောင် တစ်နေကုန် ပင်ပန်းဆင်းရဲစွာ အလုပ် လုပ်ကြပြီး ညပိုင်းရောက်တဲ့အခါ လုပ်အားခလေးများကို အွန်လိုင်းလောင်းကစားဂိမ်းနှင့် ဖြုန်းတီးပစ်ကြသည်။ လောင်းကစားဂိမ်းဆော့လိုက်ခြင်းကြောင့် ငွေကြေးကလည်းဆုံးရှုံး၊ ညဉ့်နက်သန်းခေါင်အထိ ဂိမ်းကစားမိခြင်းကြောင့်လည်း ခွန်အားတွေပါ ဆုံးရှုံးကြရသည်။

နောက်တစ်နေ့ နံနက်ရောက်တော့ မိသားစု အစာအိမ်တွေ ဖြည့်တင်းဖို့ရန်အတွက် စားသောက်စရာများကို ကြိုတင်ဝယ်ယူထားတာမရှိသလို ငွေကြေးကလည်းမရှိတဲ့အခါ အကြွေးယူကြရသည်။ အကြွေးထူကြရပြီ။ အိပ်ရေးပျက်ခြင်းရဲ့ အကျိုးဆက်အနေနဲ့ နေ့ခင်းဘက်လုပ်ငန်းခွင်မှာ အလုပ်မတွင်တော့ အလုပ်ရှင်ရဲ့ ငြိုငြင်မှုကို ခံရသည်။ အထက်လူကြီးရဲ့ ပြစ်တင်မှုကို ခံရသည်။ အဆင်မပြေမှုတွေ ကြုံတွေ့ကြရသည်။

အွန်လိုင်းလောင်းကစားဂိမ်းအရှုံးတွေကြောင့် ငွေကြေးလိုအပ်ချက်တွေ များလာတဲ့အခါ ဌာနဆိုင်ရာဝန်ထမ်းအယောင်ဆောင်ပြီး မသိနားမလည်တဲ့ ပြည်သူတွေကို ခြိမ်းခြောက်၊ အကျပ်ကိုင် ငွေကြေးတောင်းခံခြင်းများ လုပ်ဆောင်လာကြသလို လူသတ်၊ လုယက်တဲ့ ဖြစ်စဉ်တွေအထိ ပေါ်ပေါက်လာတာကိုလည်း သတင်းတွေမှာ တွေ့မြင်နေရသည်။

ထိုကဲ့သို့ လုပ်ရပ်များက ရိုးရိုးသားသား၊ ကြိုးကြိုးစားစားတာဝန်ကျေစွာ လုပ်ဆောင်လျက်ရှိကြသော ဌာနဆိုင်ရာဝန်ထမ်းများအတွက် ဂုဏ်သိက္ခာ ထိခိုက်ကြရသလို နိုင်ငံတော်အတွက်လည်း ယုံကြည်မှုတွေ ပျက်ပြားစေခဲ့သည်။ အွန်လိုင်းလောင်းကစားဂိမ်းအရှုံးကို အကြောင်းပြု၍ တချို့ဆိုရင် အလုပ်ရှင်က လုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်သော ပစ္စည်းများ ဝယ်ယူရန် ခိုင်းစေသောအချိန်၊ ငွေကြေးကောက်ခံရန် ခိုင်းစေလိုက်သောအခါမျိုးတွေမှာ ငွေကြေးအလွဲသုံးစားပြုလုပ်ကြသော ဖြစ်စဉ်များလည်း ပေါ်ပေါက်ခဲ့ရသည်။

အွန်လိုင်း လောင်းကစားဂိမ်း ငွေကြေးအရှုံးတွေကြောင့် လက်ရှိလုပ်ကိုင်နေသော အလုပ်ပေါ်မှာ အာရုံစူးစိုက်နိုင်ခြင်းမရှိမှုနှင့်အတူ အလွဲလွဲ အမှားမှားဖြစ်ရာက အလုပ်ပြုတ်၊ ဝင်ငွေမရှိ၊ အကြွေးယူ၊ အကြွေးထူ၊ ထိုပူလောင်မှုတွေက မိသားစုအား အဆင်မပြေခြင်းဆီသို့ တွန်းပို့လေတော့သည်။

‘ရတာလေးနဲ့ ဝအောင်စား၊ ရှိတာလေးနဲ့ လှအောင်ဝတ်’ဆိုသော စကားလုံးက သူတို့အတွက် အသုံးမဝင်တော့။

ယခင်က မိသားစုအတွင်း တည်ရှိနေခဲ့တဲ့ ဖေးမခြင်း၊ နားလည်ခြင်း၊ သည်းခံခွင့်လွှတ်ခြင်း၊ သာယာပျော်ရွှင်ခြင်းဆိုသော အရာများက ငုပ်လျှိုး၊ ကွယ်ပျောက်သွားခဲ့ရသည်။ နောက်ဆုံးရလဒ်က ဖရိုဖရဲ ပြိုကွဲခြင်းပင်၊ ဘာမျှမသိနားမလည်သေးသော ရင်သွေးငယ်များ မြေစာပင်ဖြစ်ကြရသည်။ မိသားစုပြိုကွဲခြင်းကြောင့် တချို့သော ရင်သွေးငယ်လေးများ ပညာသင်ကြားခွင့်တွေပါ ဆုံးရှုံးကြရသည်။

အမိအနာဂတ်နိုင်ငံတော်ကြီးအတွက် ပညာတတ် လူသားအရင်းအမြစ်အချို့ လက်လွှတ်ဆုံးရှုံးခဲ့ရသည်။

တကယ်တော့ အွန်လိုင်း ငွေကြေးလောင်းကစားဂိမ်း မဆိုထားနှင့် ရိုးရိုးအပျော်တမ်းဂိမ်းကစားခြင်းသည်ပင် အဆင်မပြေခြင်းများ ဖြစ်ပေါ်လာတာကို ကြားသိတွေ့မြင်နေရသည်။

ဂိမ်းကစားနေစဉ်တွင် အိမ်အလုပ်တွေ ကူညီလုပ်ကိုင်ပေးဖို့ ပြောတဲ့အခါ ချက်ချင်း ထမလုပ်တာမျိုးတွေ ရှိလာသလို ဂိမ်းကစားတာက အရေးကြီးတဲ့အချိန်ရောက်နေလို့၊ ပွဲကမပြီးသေးလို့ စတဲ့အကြောင်းပြချက်တွေပေးပြီး ငြင်းဆိုတာမျိုးတွေ ရှိလာသည်။ ညဉ့်နက်သန်းခေါင်ကျော်အထိ ဂိမ်းကစားခြင်းကြောင့် ကိုယ်ခံအားတွေ ပြန်လည်ပြည့်ဝမှုမရှိခြင်းကလည်း ကျန်းမာရေးကို ထိခိုက်စေလျက်ရှိသည်။ အနည်းနှင့်အများ မျက်စိအမြင်အာရုံများ ဆုံးရှုံးလျက်ရှိကြသည်။

ဂိမ်းထဲမှာ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းတွေ လုပ်ဆောင်နေတာဖြစ်တဲ့အတွက် နှုတ်ထွက်စကားများ ကြမ်းလာသလို စိတ်တွေကလည်း မသိမသာ၊ သိသိသာသာ ကြမ်းတမ်းလာတာများလည်းရှိသည်။ ဖုန်းထဲက ဂိမ်းဆော့ဖော်ဆော့ဖက်များကိုသာ ရဲဘော်ရဲဘက် မိတ်ဆွေအဖြစ် အထင်ရှိနေတတ်ပြီး ဖုန်းထဲမှာသာ မိမိရဲ့ဝန်းကျင်၊ ဖုန်းထဲမှာပဲ မိမိရဲ့ကမ္ဘာလေးအဖြစ် ဖန်တီးနေတတ်သည်။

တကယ့်လက်တွေ့ကျကျ ထိတွေ့ဆက်ဆံနေရသော လူမှုဝန်းကျင်မှာ မိတ်ဆွေစစ်၊ မိတ်ဆွေမှန်ကို ရှာဖွေပေါင်းသင်းဆက်ဆံဖို့ရန် မေ့လျော့နေတတ်သည်။ ပညာသင်ကြားလျက်ရှိသော ကလေးငယ်များ ဂိမ်းကစားခြင်းအပေါ်မှာ စွဲစွဲလမ်းလမ်းရှိနေခြင်းက ပညာရေးကို ထိခိုက်စေလျက်ရှိသည်။ ကလေးများရဲ့ ပညာရေးတက်လမ်းကို အနှောင့်အယှက်မဖြစ်စေရန်အတွက် ဂိမ်းကစားခြင်း၊ ဖုန်းအသုံးပြုခြင်းများနှင့်ပတ်သက်၍ ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူ အတူတူလက်တွဲပြီး ဆောင်ရွက်ကြဖို့လိုသည်။

နိုင်ငံတော်အတွက် ပညာတတ်တွေ များစွာပေါ်ထွက်လာစေဖို့အတွက် နိုင်ငံတော်အကြီးအကဲများက ပညာရေးကဏ္ဍနှင့်ပတ်သက်ပြီး အဘက်ဘက်က ပံ့ပိုးပေးလျက်ရှိတာကို တွေ့ရသည်။ယနေ့ခေတ်က အရာရာ ပြိုင်ဆိုင်မှုပြင်းထန်နေသောခေတ်ဖြစ်သည်။ ပညာမတတ်လျှင်၊ ကြိုးစားအားထုတ်မှုမရှိလျှင် နောက်ကျကျန်နေခဲ့မည်ဖြစ်သည်။ ပညာရေးကို ကောင်းကောင်း အာရုံစူးစိုက်လာနိုင်စေရေးအတွက် ဖုန်းသုံးခြင်း၊ ဂိမ်းကစားခြင်းတွေကို လျှော့ချပေးဖို့လိုသည်။ ဖြစ်နိုင်လျှင် တက္ကသိုလ်ဝင်တန်းပြီးမှ ဖုန်းအသုံးပြုစေတာက အကောင်းဆုံးဟု မြင်မိသည်။ (မှတ်ချက်။ စာရေးသူ၏ သမီးနှစ်ယောက်အား တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီးမှ ဖုန်းအသုံးပြုရန် ခွင့်ပြုပေးခဲ့သည်။ သမီးနှစ်ယောက်ကလည်း ပညာသင်ကြားရေးမှာ အနှောင့်အယှက်မဖြစ်စေရန်အတွက် နားလည်မှုနှင့်အတူ လိုက်နာကျင့်သုံးခဲ့ကြသည်။)

ပညာရေးဆိုလို့ နည်းနည်းလေး အတွေးချဲ့မိသည်။ အသိပညာကြွယ်ဝလာစေရန်အတွက် စာဖတ်ကြရမည်။ စာဖတ်တဲ့အလေ့အကျင့်ကောင်းတွေ စွဲမြဲလာစေဖို့အတွက် ဝန်းကျင်ကောင်းနှင့် အတူ အစပျိုးပေးဖို့လိုသည်။

ယနေ့ခေတ် စာသင်ကျောင်းတော်တော်များများမှာ ကျောင်းစာကြည့်တိုက်တွေရှိသည်။ သို့သော်လည်း ပြဋ္ဌာန်းသင်ခန်းစာတွေကြားမှာ ညပ်နေသော ကလေးငယ်များ စာဖတ်ဖို့ရန် အားနည်းလျက်ရှိတာကို တွေ့ရသည်။

အချိန်တစ်ခု တိတိကျကျ သတ်မှတ်ပြီး ကလေးများ၏ အသက်အရွယ်အလိုက် စာအုပ်အညွှန်းတွေပေးကာ စာဖတ်သောအလေ့အကျင့်ကောင်းတွေ စတင်ပျိုးထောင်ပေး၍ တစ်လတစ်ကြိမ် ကျောင်းတွင်း(သို့မဟုတ်)ကျောင်းပေါင်းစုံ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျင်းပပေးခြင်းအားဖြင့် စာဖတ်ရှိန်ကို မြှင့်တင်နိုင်မည်ဟုထင်သည်။ဘဝခရီးလျှောက်လှမ်းရာတွင် အမှား၊ အမှန်ကို ဆုံးဖြတ်ဖို့ လိုအပ်လာတဲ့အခါ အခက်အခဲများ ကြုံတွေ့လာချိန်မှာ အသိပညာကြွယ်ဝနေမှ မှန်မှန်ကန်ကန် ရင်ဆိုင်နိုင်စွမ်းရှိမည်။

အွန်လိုင်း ငွေကြေးလောင်းကစားပြုလုပ်ခြင်း အရှုံးတွေကြောင့် ခြိမ်းခြောက်အကျပ်ကိုင် ငွေညှစ်၊ လူသတ်သည်အထိ ပြစ်မှုကျူးလွန်ကြသော ဖြစ်စဉ်များတွင် အတတ်ပညာရှင်အချို့ ပါဝင်နေတာကို တွေ့ရခြင်းအားဖြင့် အသိပညာအားနည်းခြင်းကြောင့်ဟု ယူဆလို့ရသည်။ အတတ်ပညာရှိသော်လည်းပဲ အသိပညာအားနည်းခြင်းက အမှားတွေကို ဖြစ်ပေါ်စေခဲ့သည်။ အရက်၊ မူးယစ်ဆေးဝါး၊ လောင်းကစားဆိုသောအရာများအား လုံးဝကင်းစင်ပပျောက်သွားအောင် ဆောင်ရွက်ဖို့ဆိုသည်မှာ အမှန်စင်စစ် မလွယ်ရေးချ မလွယ်ပါ။

ခေတ်စနစ်အရ အရာရာ လွယ်ကူလျင်မြန်စေဖို့အတွက် လက်ကိုင်ဖုန်းတွေ သုံးရမည်။ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ လုပ်သင့်၊ မလုပ်သင့်အတွက် ဆင်ခြင်တုံတရား အားကောင်းကြဖို့လိုသည်။ ဆင်ခြင်တုံတရား အားကောင်းရန်အတွက် အသိပညာကြွယ်ဝမှုရမည်။ အသိပညာကြွယ်ဝရန်အတွက် သင်ယူခြင်း၊ ရှာဖွေလေ့လာအားထုတ်ခြင်း၊ မှတ်သားလိုက်နာကျင့်သုံးခြင်းတွေ ပြုလုပ်ကြရမည်။

‘ဘယ်သူမပြု၊ မိမိမှု’ဆိုသည့်အတိုင်း မိမိရွေးချယ်ချက်က အဓိကပင်ဖြစ်သည်။

မိတ်ဆွေက အေးနေပြီဖြစ်သော ရေနွေးကြမ်းပန်းကန်ကို လှမ်းယူကာ တစ်ကျိုက်တည်း မော့သောက်လိုက်ပြီး အလွတ်ဖြစ်သွားသောပန်းကန်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

ပြီးမှ သူ့ရဲ့ မရှိမကောင်း၊ ရှိမကောင်းဆိုသော လက်ကိုင်ဖုန်းလေးကို ယူကာ နှုတ်ဆက်စကားဆို၍ ခေတ်ချိုလက်ဖက်ရည်ဆိုင်မှ ထွက်ခွာသွားလေသည်။

ထွက်ခွာသွားသော မိတ်ဆွေ၏လက်ထဲမှ ဖုန်းလေးကို လှမ်းကြည့်ရင်း ‘အရာအားလုံးရှိပြီး ကောင်းနိုင်ကြပါစေ’ဟူသော ဆန္ဒများစွာဖြင့် ကျန်ရစ်ခဲ့ရသည်။ ။

**သောင်းဆင့် (အိုင်မခေါင့်)**

# လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ



**သာစည် ဇူလိုင် ၁၂**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ကျောင်းသားလူငယ်များ လူအများရှေ့ စကားပြောဆိုရာတွင် ရဲဝံ့စွာပြောဆိုနိုင်သည့် အလေ့အကျင့်ကောင်းများ ရရှိရန်နှင့် အသိပညာဗဟုသုတများရရှိစေရန် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီခွဲက အမှတ်(၂) ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ကျင်းပသည်။

ရှေးဦးစွာ အလက(ခွဲ) မီးရထားမှ ကျောင်းအုပ်ကြီး ဦးခင်မောင်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သင်းသင်းက 'လူငယ်စကားဝိုင်း'ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး 'လူငယ်ရေးရာ'များကို အသိပညာပေး ဟောပြောသည်။ ထို့နောက် ဦးစီးအရာရှိက ဦးဆောင်၍ 'လူငယ်စကားဝိုင်း'ကို စတင်ရာ Grade-9၊ Grade-8 နှင့် Grade-7 တို့မှ ကျောင်းသား၊ ကျောင်းသူများက စာရေးဆရာအောင်သင်း၏ 'လူငယ်ရဲ့ ဘဝနှင့် တန်ဖိုး' နှင့် ကျောင်းသားလူငယ်များ လိုက်နာရမည့် ကျန်းမာရေးနှင့် ညီညွတ်သောအလေ့အကျင့် 'စင်ငါးစင်' အကြောင်းတို့ကို ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက အသိပညာပေး ပြသထားသော နံရံကပ်စာစောင်များနှင့် သုတရသစာအုပ်များကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ) (၄၈၇)

# လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ



**ရပ်စောက် ဇူလိုင် ၁၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများအား ဗလငါးတန်နှင့်ပြည့်စုံ၍ အသိပညာဗဟုသုတများ ရရှိစေပြီး အတွေးအခေါ်ကောင်းများ မှန်ကန်စေရေးအတွက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအလယ်တန်းကျောင်း လွယ်ဆင်နှင့် အခြေခံပညာမူလတန်းကျောင်း တိုးနီတို့တွင် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီးများက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုအောင်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားပြီး ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ချိန်တွင် လမ်းမှားမရောက်စေရန်နှင့် ပညာကို မြတ်မြတ်နိုးနိုးဖြင့် သင်ယူဖို့လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးကြောင့်ဖြစ်စေနိုင်သော ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးအန္တရာယ်များ စသည့်အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ခဲပုံ)

မြို့နယ်(ပြန်/ဆက်)




ဖတ်စရာ၊ မှတ်စရာ
စုံလင်

## ငယ်ငယ်က တို့ဆရာမ

* ဆံပင်ရှည်ရှည် ရင်စိလေးနဲ့
အဖြူစိမ်းဝတ်တော့ အလွန်တင့်တယ်
ခြင်းလေးဆွဲကာ ကျောင်းကိုလှမ်းကွဲ့
ဆင်မယဉ်သာ ရှိလှတယ် ။

* စကားပြောဆို အသံတိုးတော့
နားငယ်မဝ ကြုံရတယ်
စာသင်ခန်းဝယ် စကားကြွယ်တော့
သူ့အသံက ကျယ်လှတယ် ။

* ယဉ်ကျေးလိမ္မာ နှုတ်လျှာကျိုးတော့
အမျိုးကောင်းသမီး ပီသတယ်
တပည့်သားမြေး ဆုံးမပေး
မနေးရင်ဝယ် ချွန်းအုပ်နယ် ။

* တို့များငယ်စဉ် ဝလုံးရေးတော့
ဖေးကူမပေ့ါ အပြုံးဆောင်
ကျောင်းပျော်ကလေး ကျောင်းကိုသွားတော့
နှစ်ပါးအရိပ်က လအရောင် ။

* ဘက်စုံစွမ်းဆောင် အောင်ချက်ကောင်းတော့
တစ်ရွာလုံးအတွက် မီးရှူးတန်ဆောင်
ဘက်မလိုက်ဘဲ အပြစ်ပေးတောင်
ပြုံးယောင်သန်းလျက် ချစ်ကြိုးနှောင် ။

* ကိုယ်ကျိုးမဖက် အနာဂတ်အတွက်
မပျက်ရွက်ဆောင် ကျောင်းဂုဏ်ပြောင်
ကောင်းဂုဏ်ရှစ်ပါး ထိပ်မှာမိုးတော့
အာစရိယအကျိုးက မြင်းမိုရ်တောင် ။ ။

**အိုးဝေ(မြေနီကျင်း)**

# ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေး

**သရက် ဇူလိုင် ၁၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးကြီးမှူး၍ ကျောင်းကျန်းမာရေးစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို ယမန်နေ့ နံနက်၁၀နာရီက အခြေခံပညာမူလတန်းကျောင်း (သီရိမင်္ဂလာကျောင်း)ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျန်းမာရေးဝန်ထမ်းများက စနစ်တကျသွားတိုက်နည်းအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းပေးမှုအကြောင်းများကို ဆွေးနွေးပြောကြားပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန်တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်းစသည့် ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စော်ထက်(သရက်)



## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၄၉)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၆၂)ဧက၊ (ပေ၆၀×၄၅ပေ)အကျယ်အဝန်းရှိ ဦးငွေထွန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(ပေ၂၀×၄၅ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဝင်းဇော်(ဘ)ဦးယန်ဆင်းလင့် (၁၃/နမတ(နိုင်)၀၂၉၇၉၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၄၈)၊ ဦးပိုင်နံပါတ်(၃၁-ခ)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေနေရာချထားပေးခြင်းခံခဲ့ရကာ လက်ရှိပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးဦး(ဘ) ဦးသိန်းရွှေ(၈/ခမန(နိုင်)၁၀၅၆၁၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဦးဖြိုးသာစန့် (LL.B)** အထက်တန်းရှေ့နေ **ဦးစည်သူအောင် (LL.B)** အထက်တန်းရှေ့နေ **ဒေါ်သဲမို့မို့ထွန်း (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၈)၊ ဦးပိုင်အမှတ်(၃၇)၊ ၆၃လမ်းနှင့်၆၄လမ်းကြား၊ ၁၃၄လမ်းနှင့်၁၃၅လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သော ဦးသောင်းညွန့် ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၁၅၅၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်မမလေး(၉/မရမ(နိုင်)၀၀၆၅၆၄)က အမှုတွဲအမှတ်(၁၀၄၂/၂၀၂၆-၂၀၂၇)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

**ကြော်ငြာစာ**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၈)၊ ၆၇လမ်းနှင့်၆၈လမ်းကြား၊ ၁၁၆လမ်းနှင့်၁၁၇လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သော ဦးဒေါင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၅၅၅/၂၀၁၁)ဖြင့် အမွေဆက်ခံသားသမီးများဖြစ်ကြသော ဒေါ်ခင်ဌေးရီ(၉/မရမ(နိုင်)၀၂၀၅၇၈)၊ ဒေါ်တင်တင်ဝင်း(၉/မရမ(နိုင်)၀၂၀၅၆၇)၊ ဒေါ်အေးသန်း(၉/မရမ(နိုင်)၀၂၀၄၉၄)၊ ဦးစိုးနိုင်(ခ)စိုးဝင်း(၉/မရမ(နိုင်)၀၂၀၄၉၅)တို့၏ (SP ရရှိသူ ဦးကရိန်နော်တောင်)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ်(၁၀၃၆/၂၀၂၆-၂၀၂၇)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(ပပ-၂၁)၊ ဦးပိုင်အမှတ်(၈၄+၈၅)၊ မြေကွက်ပေါ်တွင် ဒေါ်သူဇာအောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၁၃/တကန(နိုင်)၂၁၇၃၂၈)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## ကြော်ငြာစာ(အိမ်ဆောက်မိန့်)

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၂)၊ ဦးပိုင်အမှတ်(၄၁-ခ)၊ မြေကွက်ပေါ်တွင် ဦးအုံးမောင် နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/ကပတ(နိုင်)၀၃၉၆၆၄)က RC (၃)ထပ် အဆောက်အအုံဆောက်လုပ်ခွင့်(အိမ်ဆောက်မိန့်)ကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနတွင် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၁၇)၊ ဦးပိုင်နံပါတ်(၂၅-ခ)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက၊ ပေ(၂၀×၃၀) အကျယ်အဝန်းရှိ ဦးနေမင်းဆန်း(ခ)ဦးနေမင်းစန်းနှင့် ဒေါ်ခင်နွဲ့တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၀ပေ×ပေ၃၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြူကြူဆွေ(ဘ)ဦးတင်ရွှေ(၉/ခမစ(နိုင်)၀၆၅၉၄၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–** **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၁)၊ ဦးပိုင်နံပါတ်(၂၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဒေါ်အမာ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလွှဲပြောင်းဝယ်ယူထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နိုင်နိုင်အောင်(ဘ)ဦးစန်းမောင်(၉/ခမစ(နိုင်)၀၂၀၈၄၀)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၅)၊ ဦးပိုင်နံပါတ်(၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးညွန့်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ပူးတွဲဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူများဖြစ်ကြသည့် ဦးသန်းအောင်(ဘ)ဦးမောင်ကြီး(၈/စလန(နိုင်)၁၀၉၀၃၁)နှင့် ဦးစိုးကိုကို(ဘ)ဦးတင်မောင်ဆန်း(၈/စလန(နိုင်)၁၀၂၇၀၆)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ

**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ **ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ **ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ **ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်အမှတ်(၁၁-က)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဒေါ်ချစ်စုဝေ အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်ချစ်စုဝေ(ဘ)ဦးကျော်မိုးလွင်(၉/ခအဇ(နိုင်)၀၄၆၇၁၁)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃ / ၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်အမှတ်(၁၁-ခ)၊ ဧရိယာ(၀ ဒသမ ၀၁၃၈)ဧက အကျယ်အဝန်းရှိ ဦးအောင်ဖြိုးဝေ အမည်ပေါက် ဂရန်မြေကွက်တို့နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဦးအောင်ဖြိုးဝေ(ဘ)ဦးကျော်မိုးလွင်(၉/ခအဇ(နိုင်)၀၄၆၇၀၃)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ဆက်သွယ် ကန့်ကွက်ခြင်းမရှိပါက ဤအရောင်းအဝယ်စာချုပ်အား ပြည့်မြောက်ပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်နိုင်နိုင်နွယ်(LL.B, LL.M, D.B.L) တရားလွှတ်တော်ရှေ့နေ**
**အကွက်(ဓဓ-၁၃ / ၁၂)၊ (ဆ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၅၆၂၄၉၈၁၁**

# အိမ်ငှားမည်

**လေးထပ်တိုက်လုံးချင်း**

**၆၇လမ်းနှင့် ၁၀၂(A)လမ်းထောင့်အနီး**

**ဖုန်း - ၀၉-၇၉၉၈၇၁၉၄၂ । ၀၉-၇၉၀၈၉၈၃၃၃**


## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၁၂)၊ ဦးပိုင်နံပါတ်(၄၁)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိမြေနေရာချထားပေးခြင်းခံခဲ့ရပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးတင်သိန်း(ဘ)ဦးထွန်းအေး(၉/မနတ(နိုင်)၀၈၂၇၉၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅၃)၊ ဦးပိုင်နံပါတ်(၁၃)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးမြင့်သိန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန္တာမြင့်(ဘ)ဦးစောမောင်(၉/နထက(နိုင်)၁၃၀၇၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဦးတင်မောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၃၀×၄၀)ထဲမှ မြောက်ဘက်အစွန်ဆုံးအခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမာလ(ဘ)ဦးဂမ်ဆိုင်း(၁၃/သနန(နိုင်)၀၁၉၃၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ဒေါ်သူစာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊နတ်ရေကန်ရပ်ကွက်၊အကွက်အမှတ်(၀၀-၁)၊ ဦးပိုင်နံပါတ်(၇၈-ခ) ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၈၄)ဧက အကျယ်အဝန်းရှိ ဦးကျော်သန်း အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးမျိုးသိန်း(ဘ)ဦးသန်းငွေ(၉/အမဇ(နိုင်)၀၀၄၀၃၄)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**
**ď :o Zrťi f (LL.B) တရားလွှတ်တော်ရှေ့နေ**
**၅၄လမ်း၊ ၁၂၅လမ်းနှင့် ၁၂၆လမ်းကြား၊ (စ)ရပ်ကွက်၊**
**ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၂၀)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးမြင့်အောင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြူကြူခိုင်(ဘ)ဦးဆန်းဝင်း(၉/ပသက(နိုင်)၀၈၅၈၂၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊အကွက်အမှတ်(ဖဖ-၉)၊ ဦးပိုင်နံပါတ်(၁၉၀)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ပေ(၃၀×၄၀) ဦးပြုံး၊ ဦးတင်မောင်ဆွေနှင့် ဦးအောင်လင်းထိုက်တို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏အလယ်ခြမ်း(၁၀ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုဝင်း(ဘ)ဦးထွန်းဝေ(၉/ခမစ(နိုင်)၀၃၈၃၈၃)[၎င်း၏ကိုယ်စား ဦးစန်းလွင်(ဘ)ဦးငွေဆောင်(၅/ဝလန(နိုင်)၁၁၂၄၁၁)] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ချက်အရ-** **ဦးတင်အောင်မိုး (LL.B, LL.M)** **ဒေါ်အိအိမွန် (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**
**ဒေါ်ယုသစင်အောင် (LL.M)** **ဒေါ်အေးနန္ဒာထွန်း (LL.B)** **ဒေါ်မာလာစိုး (LL.B)** **ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**
**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁)၊ ဦးပိုင်အမှတ်(၉၈)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧကရှိ ဦးအောင်နေလင်း၊ ဒေါ်နန်းစန်းစန်းညွန့် အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိက ဝယ်ယူပိုင်ဆိုင်ခဲ့၍၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးရန်နောင်စိုး(အဘ)ဦးစိုးမြင့်(၉/မရမ(နိုင်)၀၈၆၆၆၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/စ၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)၊**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၂၅)၊ တိုက်(၆)၊ အခန်း(၁၅) တတိယထပ်ရှိ တိုက်ခန်းတကွနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော(ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ယုလဲ့အောင်(ဘ)ဦးကျော်ဇောအောင်(၈/တတက(နိုင်)၁၀၄၄၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ချမ်းမြသာစည်မြို့နယ်၊အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၉)၊ တိုက်(၁၃)၊ အခန်း(၃)မြေညီထပ်တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးသန်းဝေ(ဘ)ဦးထွန်းရင်(၉/စကတ(နိုင်)၀၃၃၃၁၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## လျှပ်စစ်ဓာတ်အားသုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော် ဇူလိုင် ၁၂

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု) များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

စာမျက်နှာ ၈ သို့ ❖

## ယနေ့ မိုးလေဝသ(၁၃-၇-၂၀၂၆)

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဓလ

## ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံ တစ်လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီး၊ တရားမဝင် လူနေအဆောက်အအုံ ၇၂ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော် ဇူလိုင် ၁၂

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ကိုးထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ ဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံအလုံး ၂၀ အနက် ကိုးထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖြိုချ ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ စုစုပေါင်း ၇၂ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ငါးလုံးကိုလည်း ဆက်လက်၍ စနစ်တကျ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံအား ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် ကိုးထပ်အဆောက်အအုံကို ဖြိုဖျက်ပြီး တွေ့ရစဉ်။

## ၂၀၂၆ အာရှအားကစားပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိ၊ ဇူလိုင် ၂၃ တွင် အုပ်စုမဲခွဲမည်

ရန်ကုန် ဇူလိုင် ၁၂

လာမည့် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလတွင် ဂျပန်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၂၀)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ (Aichi-Nagoya 2026 Asian Games)၏ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ပါသည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ (AINAGOC) က ထုတ်ပြန်ပြီး အာရှအိုလံပစ်ကောင်စီ(OCA)က တရားဝင် အတည်ပြုလိုက်သည့် ပြိုင်ပွဲဝင်ခွင့်ရ (NOCs) နိုင်ငံများစာရင်းအရ မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အာရှထိပ်သီးအသင်းများနှင့်အတူ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်း ဖြစ်သည်။

ယခုနှစ် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၂၆ AFC အမျိုးသမီးအာရှဖလားပြိုင်ပွဲ ရလဒ်များအပေါ် အခြေခံ၍ ခြေစစ်ပွဲသတ်မှတ်ချက်များ ချမှတ်ခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း အာရှဖလားပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသည့် အသင်းများအနက် ဩစတြေးလျ(အာရှအိုလံပစ်ကောင်စီ OCA အဖွဲ့ဝင်မဟုတ်ခြင်းကြောင့်)၊ အီရန်နှင့် အိန္ဒိယနိုင်ငံတို့ ဝင်ရောက်ယှဉ်ပြိုင်မည်မဟုတ်သဖြင့် ၎င်းတို့၏ နေရာတွင် မြန်မာ၊ ထိုင်းနှင့် ဟောင်ကောင် အမျိုးသမီးအသင်းတို့က အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြခြင်း ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဂျပန်နိုင်ငံရှိ ဖူကူရှိုင်း၊ အိုဆာကာ၊ ဂီဖူ၊ နာဂိုယာ၊ ကာရိယ စသည့် မြို့ကြီး ငါးမြို့တွင် စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အာရှထိပ်သီး ၁၂ သင်းစာရင်းတွင် လက်ရှိချန်ပီယံနှင့် အိမ်ရှင်ဖြစ်သည့် ဂျပန်နိုင်ငံနှင့်အတူ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ တရုတ်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ တရုတ်တိုင်ပေ၊ ဟောင်ကောင်၊ ဥဇဘက်ကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံတို့ ပါဝင်ကြမည် ဖြစ်သည်။

ပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲ အခမ်းအနားကို လာမည့် ဇူလိုင် ၂၃ ရက်နေ့တွင် ဂျပန်နိုင်ငံရှိ Hilton Nagoya ဟိုတယ်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံတွင် ကျင်းပခဲ့သည့် ပြီးခဲ့သည့် ၂၀၂၂ အာရှအားကစားပြိုင်ပွဲ (အမျိုးသမီးဘောလုံးပြိုင်ပွဲ)တွင် မြန်မာအမျိုးသမီးအသင်းသည် အုပ်စု(E)တွင် တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဖိလစ်ပိုင်တို့နှင့် ကျရောက်ခဲ့ပြီး အုပ်စုတွင်း နိုင်ပွဲ ၁ ပွဲ၊ ရှုံးပွဲ ၂ ပွဲ၊ ရမှတ် ၃ မှတ်ဖြင့် အုပ်စုတတိယနေရာတွင်သာ ရပ်တည်နိုင်ခဲ့သဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်း မရှိပေ။

လက်ရှိတွင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ဂျပန်လူမျိုးနည်းပြချုပ် Mr. Mitsuo Kato က တာဝန်ယူကိုင်တွယ်နေပြီး ၎င်း၏ ဦးဆောင်မှုအောက်တွင် မြန်မာအမျိုးသမီးအသင်းသည် ပြီးခဲ့သည့် ဇွန်လအတွင်းက ရန်ကုန်မြို့၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် AYA Bank Tri-Nations Cup ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဥဇဘက်ကစ္စတန်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ထိုင်းအသင်းနှင့် တစ်ဂိုး၊ တစ်ဂိုးဖြင့် သရေကျခဲ့ပါသည်။

(NGB)




ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။